# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၀၇)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်၊ ၁၇-၃-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း တို့အား ရွေးကောက်တင်မြှောက်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးခင်ရီနှင့် ဦးမောင်မောင်အုန်းတို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

နေပြည်တော် မတ် ၁၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရွေးကောက်တင်မြှောက်ခြင်းပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ကြရာ သဘာပတိလောင်းအဖြစ် တင်မြှောက်ရန် အမည်စာရင်း တင်သွင်းသူနှစ်ဦးရှိသည့်အတွက် လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ရာ

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် မတ် ၁၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၆ ခုနှစ်၊ မတ် ၁၇ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## အဖိုးတန်သည့်ရေကို တန်ဖိုးထားအသုံးပြုရမည်

ရေကိုအဖိုးတန်သယံဇာတတစ်ခုအဖြစ် လူတိုင်းက တန်ဖိုးထားအသုံးပြုကြရမည်ဖြစ်သည်။ လူတစ်ဦး၏ ခန္ဓာကိုယ်တွင် ရေဓာတ်က ပါဝင်ဖွဲ့စည်းမှုအများဆုံးဖြစ်သည်။ အစာမစားရလျှင် ရက်ချို၍ နေနိုင်သော်လည်း ရေမသောက်ရလျှင် တစ်မနက်ပင် နေဖို့မလွယ်ပါ။ သို့ဖြစ်၍ ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက်ဟုဆိုကြခြင်းဖြစ်သည်။ အသက်တမျှ အရေးပါလှသည့်ရေကို လူများစွာတို့က အလေးဂရုမပြု၊ တန်ဖိုးမထားပါ။ ရေဟူသည် လွယ်လွယ်ကူကူရရှိနိုင်၍ ပေါပေါသုံးနိုင်သည်ဟု အယူမှားကာ အသုံးပြုရုံသာမက ဖြုန်းတီးသည့်အမှုကိုပါ ပြုလုပ်လျက်ရှိကြသည်။

မကြာမီ နေအပူရှိန်ပြင်းသည့် နွေရာသီသို့ ရောက်ရှိလာမည်ဖြစ်ရာ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်တို့ ရေနည်းကြ၊ ရေခန်းကြသည်။ မိမိတို့နိုင်ငံတွင် မိုးကုန်သည်နှင့် သောက်ရေ သုံးရေ အခက်တွေ့ကြရသည့် ဒေသများစွာရှိသည်။ သန့်ရှင်းသည့် သောက်သုံးရေကို နေ့စဉ်သုံးစွဲခွင့်မရကြဘဲ ပရဟိတရေအလှူလာမှ သုံးစွဲနိုင်ကြသူများလည်း ရှိသည်။ ဤအခြေအနေကို မြို့ကြီးပြကြီးတွင် နေထိုင်ပြီး အိမ်တိုင်ရာရောက် ရေပိုက်ခေါင်း ဖွင့်သုံးစွဲခွင့်ရနေသူများက မခံစားကြရ၍ မသိ၊ နားလည်းမလည်ကြပါ။ ပိုက်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ရမည်။ ပိုက်ခေါင်းကိုမသုံးဘဲ ရေဖွင့်ထားခြင်းမပြုပါနှင့်စသော နှိုးဆော်တိုက်တွန်းလျက်ရှိသော်လည်း အမှတ်တမဲ့ပင်ရှိနေကြသည်။ မိမိတို့နိုင်ငံကို သာမန်အားဖြင့် ရေသယံဇာတအရင်းအမြစ် ပေါများသည့်နိုင်ငံအဖြစ် ညွှန်းဆိုကြသည်။ ထို့ပြင် ရေအရင်းအမြစ်ပိုင်ဆိုင်မှု အာဆီယံတွင် အဆင့်(၁) ဟူ၍ သတ်မှတ်ပြသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝသစ်တောများပြုန်းတီးခြင်း၊ လူနေမြို့ရွာများ ချဲ့ထွင်လာခြင်း၊ ရွှေအပါအဝင် တွင်းထွက်သတ္တုများ၊ ကျောက်မျက်တူးဖော်မှုများကြောင့် ရေအရင်းအမြစ်များ ပျက်စီးပျောက်ကွယ်သွားမှုများ များစွာဖြစ်ပေါ်နေသည်ကို သတိပြုကြရန်လိုသည်။ ပြည်တွင်းရှိ ရေချိုမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများကိုလည်း မပျက်မစီးအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုသည်။ အဖိုးတန်ရေအရင်းအမြစ်များဖြစ်သည့် မြစ်၊ ချောင်းများအတွင်း ပလတ်စတစ်နှင့် အမှိုက်သရိုက်များ၊ ဓာတုညစ်ညမ်းမှု၊ ဇီဝညစ်ညမ်းမှုများ ရောက်ရှိမသွားအောင် မြစ်ချောင်းများနှင့် ဆက်စပ်နေသည့် မြို့တိုင်း၊ ရွာတိုင်း၊ လူတိုင်းက ဂရုတစိုက် စောင့်ရှောက်ကြရန်လိုအပ်မည်ဖြစ်သည်။

စိုက်ပျိုးရေသုံးစွဲမှုများ စနစ်ကျအောင်၊ မျှတစွာရရှိအောင်၊ လေလွင့်ပြုန်းတီးမှုနည်းပါးစွာဖြင့် အကျိုးရှိစွာသုံးစွဲနိုင်အောင်၊ ခေတ်မီနည်းစနစ်များအသုံးပြု၍ စိုက်ပျိုးနိုင်အောင် သက်ဆိုင်ရာက အသိပညာပေးခြင်း၊ နည်းပညာပေးခြင်း၊ အဖွဲ့အစည်းများ ဖွဲ့စည်းပေးခြင်းတို့ပြုလုပ်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ မြို့ပေါ်တွင် မိမိတို့အိမ်အရောက် ရေကောင်းရေသန့်များရရှိရေး၊ ကျေးလက်ဒေသများတွင် စိုက်ခင်းလယ်ကွင်းများအထိ စိုက်ရေပျိုးရေများ ရောက်ရှိရေး လုပ်ငန်းများကို နိုင်ငံတော်က ငွေကြေးပမာဏ ကြီးမားမြောက်မြားစွာ ကုန်ကျခံပြီး ဆောင်ရွက်ထားရခြင်းဖြစ်သည်ကိုလည်း အလေးအနက် ဂရုပြုကြရန်နှင့် အဖိုးတန်သည့်ရေကို တန်ဖိုးထားအသုံးပြုကြရန် ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## နာဂဒေသထွက် ကြက်သွန်နီ၊ ကြက်သွန်ဖြူများ ဈေးကောင်းရရှိ

နာဂဒေသထွက် ကြက်သွန်နီ၊ ကြက်သွန်ဖြူများ ဈေးကောင်းရရှိနေကြောင်းသိရသည်။ ယခုနှစ်တွင် နာဂဒေသထွက် ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၁၀၀၀၀နှင့် ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၂၀၀၀၀ ဈေးရရှိသည်။



နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ထန်ပါခွေမြို့၊ မခွာလယ်ကျေးရွာတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူများထွက်ရှိကာ ဈေးကောင်းရရှိသဖြင့် ဒေသခံတောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိသည်။

"မခွာလယ်ကျေးရွာက တောင်ပေါ်ဒေသဖြစ်တော့ မြေပြန့်ဒေသလို ယာခင်းတွေတော့ မများဘူး။ ရှိတဲ့ယာခင်းမှာပဲ စိုက်ပျိုးကြ တယ်။ ကြက်သွန်နီ၊ ကြက်သွန် ဖြူ၊ မြေပဲ၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာတွေကို အများဆုံးစိုက်ပျိုးကြတယ်"ဟု မခွာလယ်ကျေးရွာနေ တောင်သူ ဦးထောင်းလင်းမှ ကပြောသည်။

နာဂဒေသရှိ ယာခင်းများသည် သီးနှံပိုမိုဖြစ်ထွန်းနေပြီး လာမည့် နှစ်တွင်ယာခင်းအသစ်များဖော်နိုင်အောင် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

(ဝဲပုံ)

(၃၉၄)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews - paper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲကျင်းပ၊ ဆုများချီးမြှင့်

**မန္တလေး မတ် ၁၆**

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီးကော်မတီရုံး)နှင့် KBZ Center Mandalay တို့ပူးပေါင်းဖွင့်လှစ်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသင်တန်း၊ အမှတ်စဉ်(၃)သင်တန်းဆင်းပွဲကို မတ် ၁၅ ရက်က ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းနှင့် ၁၁၀လမ်းထောင့်ရှိ KBZ Center Mandalay ခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီး နာယက ဦးအောင်ကိုကိုငွေ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(ဗဟို) တွဲဖက်အတွင်းရေးမှူး ဦးအောင်ထွန်းတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး KBZ Center Mandalay မှ ဒုတိယတာဝန်ခံ ဒေါ်ရှုပါဝင်းက ဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် သင်တန်းတွင် အဖွဲ့လိုက် ထူးချွန်ဆုရသူများ၊ ပထမ၊ ဒုတိယ၊ တတိယဆုရအဖွဲ့များအား KBZ Center Mandalay ဒုတိယတာဝန်ခံနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။ သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ ပရဟိတအသင်းများမှ သင်တန်းသား ၄၀ ဦး တက်ရောက်ကြသည်။ သင်တန်းကို သဘာဝဘေးဖြစ်စဉ်များတွင် ဘေးသင့်ပြည်သူများ၏ မဆုံးရှုံးသင့်သော အသက်အိုးအိမ်စည်းစိမ်များ ယခုထက် စနစ်တကျ ထိရောက်စွာ ကူညီကယ်ဆယ်ပေးနိုင်ရန်ရည်ရွယ်၍ မတ် ၄ ရက်မှ ၁၅ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မောင်ပြည်သူ(မန္တလေး)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ
မဲအများဆုံးရရှိသည့် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒကျော်စွာကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက်သဘာပတိဒေါက်တာနန္ဒကျော်စွာက ပြည်သူ့လွှတ်တော်၏ ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သဘာပတိက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိသည့်အနက် ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

## ကတိသစ္စာပြု

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးခင်ရီ တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းက ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၁)အရ ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးခင်ရီ အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ရာ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေက ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၃)အရ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်းအား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

စာမျက်နှာ ၄ သို့ ☆



### တာဝန်လွှဲအပ်

သဘာပတိ ဒေါက်တာနန္ဒကျော်စွာက ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီကို တာဝန်လွှဲအပ်စဉ်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။





တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

# ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနဲ့အညီ ပြည်သူများနဲ့ ထိတွေ့ဆွေးနွေးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ပြည်သူ့ကိုယ်စား ဖော်ဆောင်ပေးရန် ကြိုးပမ်းဆောင်ရွက်

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာရရှိကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝလျက် ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား ကျွန်တော့်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ပေးခဲ့ကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအားလုံးကို အထူးကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ကျွန်တော့်ဘဝရဲ့ တစ်သက်တာအမှတ်တရအဖြစ် ရင်ဝယ်လေးစားစွာ သိမ်းဆည်းထားပါကြောင်း ပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဒီနေ့ဟာ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးတဲ့အတွက် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ပြည်သူ့ဆန္ဒနဲ့အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်လာတဲ့ သမိုင်းမှတ်တမ်းတင်ဂုဏ်ယူစရာနေ့ တစ်နေ့လည်း ဖြစ်ပါတယ်။

ကိုယ်စားလှယ်များက ကျွန်တော့်ကို ယုံကြည်စွာ တာဝန်အပ်နှင်းမှုအပေါ် အလေးအနက်ခံယူပြီး ဒီတာဝန်ကို ကျေပွန်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနဲ့အညီ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း အလေးအနက်ထား ကတိပြုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပွင့်ပွင့်လင်းလင်းနဲ့ ဒီမိုကရေစီကျင့်စဉ်အတိုင်း တက်ညီလက်ညီ ပိုင်းဝန်းဖော်ဆောင် သွားကြစေလိုပါတယ်။ ဒါ့အပြင် သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အားလုံးနဲ့အတူ နိုင်ငံတော်နဲ့ ပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ် တစ်နည်းပြောရရင် ပိုမိုခိုင်မာပြည့်မြန်မာကြီးကို ဖော်ဆောင်ပေးနိုင်မယ်လို့ အလေးအနက် ယုံကြည်ပါကြောင်းလည်း ပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့ အချုပ်အခြာ မဏ္ဍိုင်သုံးရပ်အနက် ဥပဒေပြုရေးမဏ္ဍိုင်သည် လွှတ်တော်၏ အဓိကတာဝန် ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်အာဏာ မဏ္ဍိုင်သုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုရမှာဖြစ်ပြီး ပြည်သူကို ကိုယ်စားပြုခြင်းကိုလည်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံရေးရည်မှန်းချက်၊ ခေတ်စနစ် အခြေအနေများနဲ့ ကိုက်ညီမှုရှိစေရန် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်တာနဲ့အညီ ပြည်သူများနဲ့ ထိတွေ့ဆွေးနွေးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ပြည်သူ့ကိုယ်စား ဖော်ဆောင်ပေးရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်သကဲ့သို့ နိုင်ငံတော်နဲ့ ပြည်သူ့ကောင်းကျိုးအတွက် လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကိုလည်း ပြည်သူများ နားလည်သဘောပေါက်စေရန် ပြန်လည်မျှဝေပေးရမှာက လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

အချုပ်အားဖြင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်တဲ့နေရာမှာ နိုင်ငံတော်နဲ့ ပြည်သူလူထု၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။







တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးခင်ရီနှင့် ဦးမောင်မောင်အုန်း တို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီကို တာဝန်လွှဲအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**(ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုကြစဉ်။

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၃၆ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ မတ် လ ၁၆ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၁-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ )တွင် ဖော်ပြထားသည့်အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) ကရင်ပြည်နယ်လွှတ်တော်

| | | |
|---|---|---|
| ကြည်း ၂၇၂၃၈<br>ဗိုလ်မှူးကြီး မင်းသူကျော် | အစား | ကြည်း ၃၂၈၃၅<br>ဗိုလ်မှူးကြီး စိုးမိုးဝင်း |

(ခ) ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

| | | |
|---|---|---|
| ကြည်း ၃၀၁၀၇<br>ဗိုလ်မှူးကြီး ခန့်မွန်ဆွေ | အစား | ကြည်း ၃၀၃၃၉<br>ဗိုလ်မှူးကြီး စိုးမင်းဦး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မိတ္ထီလာမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုနေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာပညာရေးဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုကြမည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ပထမနေ့ တက္ကသိုလ်စာမေးပွဲ စိတ်အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိုင်ငံတကာတက္ကသိုလ်များ၏ ဥပမိရုပ်၊ ဖွဲ့စည်းပုံ၊ သင်နည်းစနစ်၊ စီမံခန့်ခွဲမှုစနစ်တို့ကို လေ့လာသုံးသပ်၍ ကမ္ဘာ့အဆင့်မီပညာရပ်များကို အရည်အချင်းပြည့်ဝသော ဆရာများက သင်ကြားပေးနိုင်ရေး မျှော်မှန်းချက် ချမှတ်ကြိုးပမ်းကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း (ရှမ်းတဲ) စာစစ်ဌာနများ၌ ကျောင်းသားကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒနှင့် သမိုင်းဘာသာရပ်ကို စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းဝင်းအတွင်း စာသင်ဆောင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## Digital Platform အသုံးပြု စားသုံးဆီ ဖြန့်ဖြူးမှုစနစ် မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ



**မကွေး မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနအစည်းအဝေးခန်းမတွင် Digital Platform အသုံးပြုစားသုံးဆီဖြန့်ဖြူးမှုစနစ်မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စားအုန်းဆီဖြန့်ဖြူးသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စားအုန်းဆီဖြန့်ဖြူးသည့် ကိုယ်စားလှယ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က စားသုံးသူပြည်သူများ စားအုန်းဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားအုန်းဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင် Software စနစ်ဖြင့် ထိန်းကျောင်းခြင်းကို လက်ကားကိုယ်စားလှယ်များ အားလုံးအသုံးပြုနေပြီဖြစ်သကဲ့သို့ များမကြာမီကာလမှာ လက်လီကိုယ်စားလှယ်များမှ စားသုံးသူပြည်သူများသို့ ရောင်းချပေးမှုကို Software စနစ်ဖြင့်အသုံးပြုနိုင်ရေးကိုလည်း အမြန်ဆုံးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ Digital Platform စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအားလုံးကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်းနှင့် Digital Platform စနစ်ရေရှည်တည်တံ့ပြီး ပုံမှန်လည်ပတ်စေရေးအတွက်ကို တိုင်းဒေသကြီးအတွင်းရှိ စားအုန်းဆီရောင်းချပေးနေသည့် လက်ကား၊ လက်လီကိုယ်စားလှယ်များမှလည်း အားလုံးပါဝင်လိုက်ပါ ဆောင်ရွက်ကြရန်လိုပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် Capital Connect Co.,Ltd မှ Chief Technology Officer တာဝန်ရှိသူတစ်ဦးက စားအုန်းဆီဖြန့်ဖြူးမှုစနစ် Digital Platform ကို Video Clip ဖြင့် လည်းကောင်း၊ တော်ဝင်ဧကရာဇ်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက စားသုံးဆီများ သယ်ယူပို့ဆောင်ဖြန့်ဖြူးရာတွင် GPS, CCTV စနစ်များ တပ်ဆင်စောင့်ကြည့်စစ်ဆေးမှု အခြေအနေအားလည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာသည့် စားအုန်းဆီဖြန့်ဖြူးသည့် ကိုယ်စားလှယ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက စားအုန်းဆီသယ်ယူပို့ဆောင်ဖြန့်ဖြူးမှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှု







**မန္တလေး မတ် ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၃) ဦးကျော်သူဝင်း၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ လမ်းတံတားဌာနတို့မှ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းအိမ်ရာများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်း၊ လမ်း ၆၀ နှင့် ၆၂ လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီစက်ရုံနှင့်မော်တော်ယာဉ်ဌာနဝင်းအတွင်းရှိ လေးခန်းတွဲလေးထပ်အမှုထမ်းဝန်ထမ်းအိမ်ရာ သုံးလုံးနှင့် အရာထမ်းအိမ်ရာ နှစ်လုံးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့က လုပ်ငန်း၏ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က သတ်မှတ်ထားသည့် အင်ဂျင်နီယာစံနှုန်းများနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးရန် အရည်အသွေးစံချိန်စံညွှန်းပြည့်မီသော တည်ဆောက်ရေးပစ္စည်းများကို အသုံးပြုရန်တို့ကို ဖြည့်စွက်မှာကြားပြီး လုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် ကျန်လေးခန်းတွဲလေးထပ်အမှုထမ်းအိမ်ရာများကိုလည်း အောက်ခြေကွန်ကရစ်တိုင်များနှင့်အတူ သံဖရိန်ဒေါက်တိုင်များအားဖြည့်တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် (မြစ်ငယ်-ထုံးဘို)ဖြတ်လမ်းအနီး(ရန်-မန်းလမ်းမကြီး)ပေါ်ရှိ မန္တလေးမြို့အဝင် မြစ်ငယ်တိုးဂိတ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် တိုးဂိတ်၏ အရှေ့ဘက်ခြမ်းနှင့်အနောက်ဘက်ခြမ်းတစ်လျှောက် မြို့တော်စည်ပင်နယ်နိမိတ်အစ (၃၉၂ မိုင် ၄ ဖာလုံ)မှ (မြစ်ငယ်-ထုံးဘို)ဖြတ်လမ်း၊ လမ်းဆုံအထိ အရှေ့ဘက်ခြမ်း၌ ၁၂ ပေအကျယ် တစ်လမ်းသွားလမ်း၊ အနောက်ဘက်ခြမ်း၌ စက်ဘီး၊ ဆိုင်ကယ်လမ်းအပါအဝင်လေးလမ်းသွားပြုလုပ်ပြီး လမ်းပိုင်းတိုးချဲ့ဖောက်လုပ်ကာ နိုင်လွန်ကတ္တရာလမ်းခင်းလုပ်ငန်းပြီးစီး၍ တိုးဂိတ်၌ ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်လိုင်းကားများ၊ အိမ်စီးကားယာဉ်ငယ်များနှင့် မော်တော်ဆိုင်ကယ်များဝင်၊ ထွက်နေမှု အခြေအနေ၊ တိုးဂိတ်အဆောက်အအုံပေါ်၌ မန္တလေးမြို့သင်္ကေတနန်းမြို့ပုံစံမြန်မာမှုလက်ရာတပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေးမြို့ပတ်ကမ်းနားလမ်းမကြီး(ရှမ်းကလေးကျွန်းမှ ရွှေခဲရွာ)အထိ အရှည်ပေ ၁၂၂၀၀ လမ်းပိုင်းအား တစ်ဖက်လျှင် ၂၄ ပေအကျယ်စီ နိုင်လွန်ကတ္တရာလမ်းခင်းကျင်းပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ နိုင်လွန်ကတ္တရာလမ်းပိုင်းတစ်လျှောက် သာမိုပလတ်စတစ်ဆေးလိုင်းဆွဲစက်ဖြင့် ယာဉ်ကြောခွဲမျဉ်းလိုင်း(အဖြူ)ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့အား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ မန္တလေးကန်တော်ကြီးအနောက်ဘက်ခြမ်းပတ်လမ်း မမြလေးဘုရားအနီး၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တည်ဆောက်ပေးထားသည့် ယာယီကွန်တိန်နာအဆောက်အအုံ ၃၅၁ လုံးတွင် လျှပ်စစ်မီးနှင့် Mobile Toilet များ တပ်ဆင်တည်ဆောက်ပေးရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



# တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမမြောက်နေ့ ဆက်လက်ဖြေဆို

**မြို့သစ် မတ် ၁၆**

မကွေးတိုင်းဒေသကြီး ၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ၏ ပဉ္စမမြောက်နေ့ ရူပဗေဒဘာသာရပ်၊ သမိုင်းဘာသာရပ်နှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ဘာသာရပ်အသီးသီးကို ယနေ့နံနက် ၉ နာရီမှစတင်၍ သက်ဆိုင်ရာ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိသည်။

မြို့သစ်မြို့နယ်တွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၄၀၂ ဦး၊ ဖြေဆိုသူ ၁၃၇၉ ဦး၊ ပျက်ကွက်သူ ၂၃ ဦးရှိပြီး ဖြေဆိုသည့်ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၃၆ ရာခိုင်နှုန်းဝင်ရောက်ဖြေဆိုလျက်ရှိကာ အထက-မြေပြင်သာ(စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး)တက္ကသိုလ်ဝင်စာမေးပွဲတွင် စာရင်းရှိ ၁၃၀ ဦး၊ ဖြေဆိုသူ ၁၂၆ ဦး၊ ပျက်ကွက်သူ လေးဦးရှိကာ ဖြေဆိုသည့်ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၉၂ ရာခိုင်နှုန်းရှိသည်။

ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဝင်းအိစွန်-ပြန်/ဆက်)**

# ထုတ်ကုန်ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချ စားသုံးသူတို့ဘဝ

၁၃-၃-၂၀၂၆ ၊ စာမျက်နှာ-၁၃ မှ အဆက်

အွန်လိုင်းဈေးဝယ်ခြင်းသည် စတိုးဆိုင်သို့ ကိုယ်တိုင်သွားရန် မလိုဘဲ အင်တာနက်ပေါ်ရှိ ဝက်ဘ်ဆိုက်များမှတစ်ဆင့် ပိုက်ဆံပေးချေပြီး ကုန်ပစ္စည်းဝယ်ယူနည်းတစ်မျိုးဖြစ်၍ စားသုံးသူများအား လွယ်ကူသက်သာ၊ အချိန်ကုန်မြန်စေပြီး စားသုံးသူများအား စိတ်ကျေနပ်စေပါသည်။ သို့သော်လည်း အားနည်းချက်များလည်း ရှိနေသည်။

မိမိဝယ်ယူသော ကုန်ပစ္စည်းအရည်အသွေး၊ အရွယ်အစားအား တိုက်ရိုက်မြင်ခွင့်မရှိခြင်း၊ ပို့ဆောင်မှုကြန့်ကြာနိုင်ခြင်း၊ လိမ်လည်မှု အန္တရာယ်ရှိနိုင်သည်။

ထုတ်ကုန်တစ်ခုသည် ကြေညာထားသည့်အတိုင်း ဘေးကင်းရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီရန်လိုပါသည်။ ဘေးကင်းခြင်းဆိုသည်မှာ စားသောက်ကုန်များတွင် လုံခြုံသော ထုပ်ပိုးမှု၊ ဘေးကင်းသည့် ပါဝင်ပစ္စည်းများ သန့်ရှင်းမှုများရှိရန် လိုပါသည်။ စားသုံးသူ ဝယ်ယူသောပစ္စည်းသည် လျှပ်စစ်ပစ္စည်းမျိုးဖြစ်ပါက လျှပ်စစ်ပစ္စည်းများတွင် လျှပ်ကူးမှုမရှိခြင်း၊ ကလေးကစားစရာများတွင် အဆိပ်ဖြစ်စေသော ဆေးသုတ်ခြင်း မရှိခြင်းကဲ့သို့ အန္တရာယ်ကင်းရှင်းရန် သတိချပ်ရပေမည်။ ဝယ်ယူအသုံးပြုသော ပစ္စည်းတွင် သတိပေးချက်များ၊ သုံးစွဲနည်းရှင်းလင်းချက်များ ပါဝင်မှသာ စားသုံးသူနှစ်သက်ပြီး ဘေးကင်းစိတ်လုံခြုံမည်ဖြစ်ပါသည်။ သို့မှသာ ရောင်းသည့်ပစ္စည်းများ တွင်ကျယ်ကာ ဈေးကွက်တွင် ရပ်တည်နိုင်ပေမည်။

စားသုံးသူများသည် ဝယ်ယူအားပေးသူများဖြစ်သောကြောင့် ယုံကြည်စိတ်ချရသော ဘဝ(Reliable Consumer Life)ကို ပိုင်ဆိုင်ကြသူများဖြစ်ပါသည်။ စားသုံးသူ အခွင့်အရေးအရ ထိရောက်သော သတင်းအချက်အလက်များဖြစ်သည့် ကုန်ပစ္စည်း၏ နဂိုအခြေအနေ၊ သက်တမ်းအာမခံချက် စသည်တို့ကို ရိုးသားစွာဖော်ပြထားမှုတို့ကို အကဲဖြတ်၍ ဝယ်ယူရမည် ဖြစ်သည်။

စားသုံးသူများမှလည်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးကို နစ်နာစေရန်အတွက် မရိုးမဖြောင့်သောသဘောဖြင့် စားသုံးသူကို သွေးဆောင်ဖြားယောင်း၍ တိုင်ကြားစေခြင်း၊ မမှန်မကန်သက်သေ ထွက်ဆိုခြင်း၊ မမှန်မကန်သတင်းဖြန့်ဖြူးခြင်း၊ တည်ဆဲဥပဒေကို ငြိစွန်းသောကိစ္စများ ဆောင်ရွက်ခြင်း မပြုသင့်ပေ။

ပစ္စည်းများ ထုတ်လုပ်ရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း သစ္စာရှိစွာဖြင့် စားသုံးသူများအပေါ် တာဝန်ကျေပွန်ရမည် ဖြစ်ပါသည်။ စားသုံးသူအပေါ် ဥပဒေပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ပါက စားသုံးသူနစ်နာမှုအပေါ် လျော်ကြေးငွေပေးခြင်း၊ ဒဏ်ကြေးငွေချမှတ်ခြင်း၊ အငြင်းပွားသည့်ကုန်စည် ရောင်းဝယ်ရေးအပေါ် တားမြစ်ခြင်း၊ လုပ်ငန်းလိုင်စင်ကို ယာယီ၊ အမြဲပိတ်သိမ်းခြင်းကို အစိုးရဌာနနှင့် ညှိနှိုင်းခြင်းဖြင့် ကော်မတီက ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယခုအခါ အွန်လိုင်းအရောင်းအဝယ်များ အားကောင်းလာသော်လည်း စားသုံးသူများဘက်မှ ခရီးသွားလာရေးကိစ္စ၊ တယ်လီဖုန်းရောင်းဝယ်မှုအာမခံကိစ္စများ၊ စက်ကိရိယာ ရောင်းဝယ်မှုကိစ္စများ၊ အောင်ဘာလေထီ အာမခံကိစ္စများတွင် ကျေနပ်မှုမရှိ၍ Consumer Information Complaint Center (CICC) ခေါ် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာသို့ တိုင်ကြားသတင်းပေးခြင်းဖြင့် စားသုံးသူ၏ အကျိုးစီးပွားထိခိုက်နစ်နာမှုများဖြစ်သော ငွေကြေးပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ လျှော့နည်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်အတွင်း တိုင်ကြားမှုပေါင်း(၄၀၁)မှုရှိခဲ့ပြီး ရောင်းချပြီးပစ္စည်းအပေါ် အာမခံပေးမှုနှင့် ပတ်သက်၍ ဖြေရှင်းပေးမှု(၂၅)ခု၊ Broadcasting Media(အသံလွှင့်ခြင်းမီဒီယာ)နှင့်ပတ်သက်၍ ဖြေရှင်းပေးမှု(၆၈)ခု ရှိကြောင်း သိရသည်။

တွင်ကျယ်လျက်ရှိသော အွန်လိုင်းစနစ်ရောင်းချခြင်း လုပ်ငန်းကို စနစ်တကျရှိစေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၁-၇-၂၀၂၃ တွင် အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၃ ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့် အမိန့်ကို ထုတ်ပြန်ခဲ့သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းကို မှတ်ပုံတင်လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရန် အမိန့်ထုတ်ပြန်ထားပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။ တစ်နည်းဆိုသော် စားသုံးသူတို့အတွက် ထုတ်ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံရေးအတွက် ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသော လူမှုဘဝကို တည်ဆောက်ပေးခြင်းသာ ဖြစ်သည်။

အချုပ်ဆိုရသော် စားသုံးသူများအတွက် စားသုံးသူအခွင့် အရေးအပြည့်အဝရရှိရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ အာမခံချက်များ၊ ဘေးအန္တရာယ်ရှိသောကုန်စည်များ ရောင်းချခြင်းအား တားမြစ်ခြင်း၊ အွန်လိုင်းရောင်းချမှုများအား စနစ်ကျစေရန် ဥပဒေဖြင့် အကာအကွယ်ပေးခြင်းပင် ဖြစ်ပါသည်။ ဤသို့ဖြင့် စားသုံးသူများ ကျန်းမာရေး၊ လုံခြုံရေးနှင့် ငွေကြေးများ မထိခိုက်စေခြင်း၊ ဈေးကွက်တွင် ယုံကြည်မှုတည်ဆောက်နိုင်ခြင်း၊ မသမာသော လုပ်ငန်းရှင်များ၏ ထိန်းချုပ်မှုကာကွယ်ရန် အစိုးရနှင့် ပြည်သူတို့ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မင်းလပြည့်(ဟားခါး)**

# ဘဝတန်ဖိုး

ကျွန်တော်တို့ လူမှုနယ်ပယ် ပတ်ဝန်းကျင်တွင် စည်းကမ်းနှင့်ပတ်သက်၍ ဆုံးမပြောဆိုသည့် စကားများကို မကြာခဏ ကြားရတတ်သည်။ ပျက်စီးဆုံးရှုံးမှုကြုံသည့်အခါများတွင် စည်းကမ်းမရှိခြင်း၏ အကျိုးအပြစ်များကို ထောက်ပြဝေဖန် အပြစ်ပြောဆိုဆုံးမကြသည့် စကားများမှာ အများဆုံးဖြစ်လေသည်။

'စည်းကမ်းမရှိတော့ တစ်နှစ်သုံးရမည့်နေရာ တစ်လတည်းနှင့် ပျက်စီးသွားပြီ'။

'စည်းကမ်းမရှိတော့ ဖြစ်ပြီပေါ့။' ဆိုင်ကယ်ကိုလည်း စည်းကမ်းတကျမထားတော့ အခုတော့ ပါသွားပြီ။ 'အမှိုက်မပစ်ရ ရေးထားတာကို စည်းကမ်းမဲ့သွားပစ်တော့ အခုဒဏ်ငွေ ရိုက်ခံရပြီ' ဆိုသောစကားများမှာ နိစ္စဓူဝနေ့စဉ်ကြားနေရသော စကားများဖြစ်သည်။

ဆေးလိပ်မသောက်ရ နယ်မြေတွင် ဆေးလိပ်သောက်မိသဖြင့် လူအများက ဝိုင်းဝန်းဖယ်ကြဉ်ပြောဆိုခံရသည့် အကြောင်းများလည်း မပါမဖြစ်၊ ကွမ်းတံတွေးမထွေးရနေရာတွင် စည်းကမ်းမဲ့စွာ ကွမ်းတံတွေး ထွေးမိသဖြင့် ဒဏ်ရိုက်ခံရသည့် သတင်းများမှာ မကြားချင်ဆုံး ဖြစ်ပါသည်။ ယဉ်ကျေးမှုတစ်ခုမှာ လူ့ဘောင်လောကတွင် 'စည်းကမ်းလိုက်နာခြင်းမှာ ကျင့်ဝတ်တစ်ခုဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်စဉ်ကပင် စည်းကမ်းနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများ၏ ဆိုဆုံးမမှုများကို သင်ကြားရင်းနှီးခဲ့ရပြီး မိဘနှစ်ပါးနှင့် အဘိုးအဘွားများကလည်း အမြဲတမ်းသွန်သင်ဆုံးမလျက်ရှိလေသည်။ နောက်ပိုင်းတွင် လူတို့၏ အလေးမထား ဂရုမစိုက်မှုများကြောင့် တစ်ဦးမှအစ လူအများကျင့်သုံးမှု အားနည်းနေခြင်းပင် ဖြစ်ပါသည်။

'အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စည်းကမ်းနှင့် ပတ်သက်၍ ဆရာ၊ ဆရာမများက သင်ကြားပေးသည်။ ကျောင်းတက်ချိန်မှန်ကန်ရေး၊ ကျောင်းပိုင်ပစ္စည်းများနှင့် အများပိုင်ပစ္စည်းများကို စည်းကမ်းရှိစွာ ကိုင်တွယ်အသုံးပြုနိုင်ရေး၊ ကျောင်းစည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတို့ကို ဇာတ်၊ နိပါတ်တော်၊ ပုံပြင်များဖြင့် ရိုးသားဖြောင့်မတ် စည်းကမ်းရှိစွာ လိမ္မာလာအောင် ဂရုတစိုက် သင်ကြားပေးခဲ့ပါသည်။

စည်းကမ်းနှင့်ပတ်သက်၍ မိဘ၊ ဆရာ၊ လူကြီးသူမများက အခါအခွင့်သင့်တိုင်း ဆုံးမသွန်သင်ကြရန် လိုအပ်ပေသည်။ လူငယ်လူရွယ်များ စိတ်ထဲစွဲမှတ်သွားအောင် သွန်သင်ဆုံးမကြရပေမည်။

**'---အသိယှဉ်တွဲ စည်းကမ်းမြဲ**
**စွဲထင်မကွာ တစ်သက်တာ**
**ကြောက်လို့လိုက်နာ စည်းကမ်းမှာ**
**ခဏတာသာမြဲ'** ဟူသော လင်္ကာအရအသိနှင့် ယှဉ်သော စည်းကမ်းကသာလျှင် မြဲမြံပြီး ခိုင်မာကြောင်း မှတ်သားသိရှိရပါသည်။ ငယ်ရွယ်စဉ်ကပင် စည်းကမ်းမဲ့ခြင်း၏ အကျိုးအပြစ်များနှင့် စည်းကမ်းရှိခြင်း၏ တန်ဖိုးကောင်းကျိုးများကို ခွဲခြားသိမြင်လာအောင် စိတ်ရှည်သည်းခံ၍ ဂရုတစိုက် သွန်သင်ဆုံးမလမ်းညွှန်ပေးရန်လည်း အရေးကြီးလေသည်။

ယခု မျက်မှောက်ကာလတွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်လာပြီး ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံများသည်လည်း တိုးလာသည်။ လူဦးရေထူထပ်သည့် မြို့ပြများတွင် စည်းကမ်းလိုက်နာကြရန် အထူးတင်းကျပ်ထားကြသည်။

ဂျပန်နိုင်ငံ၏ နေရာဒေသအများအပြားနှင့် လူစည်ကားရာ နေရာများတွင် အမှိုက်ကင်းစင်သန့်ရှင်းနေသည်။ စည်းကမ်းရှိသော နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလျင်မြန်ကြောင်းကို ဂျပန်နိုင်ငံက သက်သေထူလျက်ရှိသည်။ လမ်းမကြီးများပေါ်တွင် အမှိုက်တစ်စပင် မရှိချေ။

ဂျပန်နိုင်ငံတွင် အမှိုက်မရှိ၍ အမှိုက်ပုံးရှိသလားဆိုတော့လည်း မရှိချေ။ မိမိအမှိုက်များကို လူတစ်ဦးချင်းဆီက မိမိကိုယ်တိုင်သိမ်းဆည်း၍ သတ်မှတ်စွန့်ပစ်ရမည့်နေရာရောက်မှသာ စည်းကမ်းတကျ စွန့်ပစ်ကြပါသည်။ အသိတရားနှင့် ယှဉ်သော၊ မြင့်မြတ်သော စိတ်ဓာတ်ပိုင်ရှင်များဖြစ်ကြသည်။ လေးစားဂုဏ်ယူဖွယ်တကား။

မြန်မာနိုင်ငံ၏ မြို့ကြီးများတွင်လည်း ပရဟိတအဖွဲ့အစည်းများ လူငယ်လူရွယ်များ၊ အသင်းအဖွဲ့များမှဦးဆောင်၍ ကမ်ပိန်းမျိုးစုံပြုလုပ်ကာ တိုက်ခန်းအနောက်ဘက်များ၊ အိမ်နောက်ဖေးများ၊ ရေဆိုးမြောင်းများ၊ အမှိုက်သိမ်းခြင်းလုပ်ငန်းများကို စုပေါင်းလုပ်ကိုင်လာကြသည့် မြင်ကွင်းများကို တွေ့မြင်ရသောအခါ ဝမ်းသာရပါသည်။

ကျွန်တော်တို့ နန်းတော်ရှေ့ (၁၉)လမ်းမကြီးပေါ်တွင်လည်း ဟိုယခင်က မုန့်တိုင်ဓမ္မာရုံကြီးကို ဖြိုဖျက်၍ ယခုအခါ အာရ်စီ(၂)ထပ်အသစ်ဆောက်လုပ်ကာ ဓမ္မာရုံဂေါပကနှင့် အသင်းသူ၊ အသင်းသားများက စည်းကမ်းတကျထိန်းသိမ်း၍ ဝါတွင်းတွင် တရားပွဲများ၊ ဝါပတွင် အလှူမင်္ဂလာဆောင်များဖြင့် စည်ကားလျက်ရှိပါသည်။သာသနိက အဆောက်အအုံများမှာ ကုသိုလ်တော်ဘုရားသည်လည်း စည်းကမ်းတကျ ထိန်းသိမ်းသောကြောင့် ဘုရားဖူးလာကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်သူလူများ စိတ်ချမ်းသာစွာဖြင့် ဘုရားကို ဖူးကြရပါသည်။

တူညီဝတ်စုံများဖြင့် သန့်ရှင်းရေးကို မနိမကပ်ဘဲ ပြုလုပ်နေကြသည့် မြင်ကွင်းဓာတ်ပုံများသည် အွန်လိုင်းမီဒီယာများတွင် ပျံ့နှံ့လာရာ တွေ့မြင်ရသူများက မုဒိတာပွား၍ ဘာသာတရားအလိုက် ဆုမွန်ကောင်းတောင်းကြသလို အမှိုက်စွန့်ပစ်ကြသူများကိုလည်း စည်းကမ်းမဲ့ အမှိုက်မပစ်ကြရန် မှတ်ချက်ပြသုံးသပ်ကြလေသည်။

အမှိုက်စွန့်ပစ်ကြသူများအနေနှင့်လည်း မိမိတို့ အလွယ်တကူ စွန့်ပစ်လိုက်သော အမှိုက်သရိုက်များသည် အခြားလူတွေအတွက် ဝန်ထုပ်ဝန်ပိုး ကြီးမားမှုရှိသည်ကို သိမြင်လာရပြီး ရေမြောင်းပိတ်ဆို့ခြင်း၊ ခြင်၊ ယင်နှင့် အနံ့ဆိုးများ ရှူရှိုက်ရခြင်း၊ ကျန်းမာရေး ထိခိုက်မှုရှိခြင်းတို့ကို လက်တွေ့ကျကျ သိမြင်လာရသောအခါ စည်းကမ်းမဲ့အမှိုက် စွန့်ပစ်ခြင်း၏ ဆိုးကျိုးများကို သိရှိလာကြသည်။

လူ့ပတ်ဝန်းကျင်တွင် သွားလာလှုပ်ရှားနေစဉ် စည်းကမ်းလိုက်နာခြင်းသည် လုံခြုံမှုရှိလေသည်။ မိမိမကျွမ်းကျင်သော နယ်ပယ်ဒေသများတွင်လည်း ကာလဒေသဥပဒေများအတိုင်း စည်းကမ်းလိုက်နာကာ နေထိုင်သင့်ပေသည်။

အစားအသောက်၊ အပြောအဆို၊ အနေအထိုင်မှအစ ယဉ်ကျေးမှုနယ်ပယ်အဆုံး ချမှတ်ထားသော စည်းကမ်းအတိုင်းပင် ပြောဆိုနေထိုင် စားသောက်ရန် အလွန်အရေးကြီးလေသည်။

'ကြမ်းကျဲ့လျှင် နုတ်၍ ရသည်၊ စကားလွန်လျှင် နုတ်၍မရပါ'

'ပစ္စည်းဟူသမျှ ရှိသေကြ' စသည့် ဆုံးမစကား၊ ဆိုရိုးစကားများမှာ စည်းကမ်းမဲ့ပြုလုပ်ခြင်း မပြုကြရန် ဆုံးမသတိပေးထားသည့် မှတ်သားလေးစားထိုက်သော စကားလုံးများဖြစ်သည်။

ရှေးလူကြီးများသည် မိမိတို့ကြုံဆုံခဲ့သည့် စည်းကမ်းမဲ့ခြင်း၏ အကျိုးအပြစ်များကို နောင်းလူတို့ သိရှိနိုင်စေရန် စည်းကမ်းသတ်မှတ် ဆုံးမခဲ့ကြလေသည်။

'စည်းအတွင်းမှာနေ၊ ကင်းပေလိမ့်ရန်ဘေး
စည်းပေါ်ကျော်၊ ချော်ကာကျ များလှရန်ဘေး' ဆိုဆုံးမစာသည်လည်း စည်းကမ်းမရှိမှု၊ စည်းကမ်းကိုကျော်၍ ဆောင်ရွက်မှုများသည် ဘေးအန္တရာယ်များလှကြောင်း အသိပေးထားသည့် ဆောင်ပုဒ်လေးတစ်ပုဒ်ဖြစ်ပါသည်။

ဘယ်သူမပြု မိမိမှုဆိုသလိုပင် စည်းကမ်းမဲ့ခြင်းများကို လူတိုင်းလူတိုင်း မပြုလုပ်ခင်ကပင် စဉ်းစားသင့်ပါကြောင်း တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်ခင်ဗျား။

**မောင်မောင်လင်းထွဋ်**
**(နန်းတော်ရှေ့)**

# နိုင်ငံအလိုက် အသားတင်ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိစေရေး စင်ကာပူနှင့် ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်



**စင်ကာပူ မတ် ၁၆**

စင်ကာပူနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် နိုင်ငံအလိုက် အသားတင်ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိစေရေး ရည်မှန်းချက်များသို့ တက်လှမ်းနိုင်ရန် ရည်ရွယ်၍ အသစ်လက်မှတ်ရေးထိုးလိုက်သော ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စွမ်းအင်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်ကို စင်ကာပူနိုင်ငံ စွမ်းအင်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ တာဝန်ခံဝန်ကြီး တန်စီးလန်းနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ရိုဆေးအာကာဇာဝါတို့က မတ် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ မူဘောင်အောက်တွင် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားတင်သွင်းမှု၊ ကာဗွန်နည်း ပါဝင်သော ဟိုက်ဒရိုဂျင်နှင့် အမိုးနီးယား၊ ကာဗွန်ဖမ်းယူခြင်း၊ အသုံးချခြင်းနှင့် သိုလှောင်ခြင်း၊ အရပ်ဘက်သုံးနျူကလီးယားစွမ်းအင်၊ သဘာဝဓာတ်ငွေ့အရည်၊ အဆင့်မြင့် လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်များနှင့် ကမ်းလွန်လေစွမ်းအင် စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Mon

၀-၀-၀-၀-၀-၀

# အစ္စရေးနှင့် အီဂျစ်နယ်စပ်ရှိ ရာဖာနယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ပေးမည်ဟု ထုတ်ပြန်ကြေညာ



**ဂျေရုဆလင် မတ် ၁၆**

အစ္စရေးနှင့် အီဂျစ်နယ်စပ်ရှိ ဂါဇာကန့်သတ်နယ်မြေအတွင်းရှိ ဒေသခံများအတွက် အဓိကကျသော ရာဖာနယ်စပ်ဂိတ်ကို လာမည့်မတ် ၁၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အစ္စရေးအစိုးရ၏ နယ်မြေများအတွင်း လှုပ်ရှားမှုများဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ နယ်စပ်ဂိတ်ကို နှစ်ဖက်စလုံးသို့ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သော်လည်း လူပုဂ္ဂိုလ်များ အကန့်အသတ်ဖြင့် သွားလာခွင့်အတွက်သာ ဖြစ်သည်။

လုံခြုံရေးဆိုင်ရာအခြေအနေများကို အကဲဖြတ်သုံးသပ်ပြီးနောက်တွင် ဒေသတွင်းရှိ လုံခြုံရေးခြိမ်းခြောက်မှုများနှင့် အခြေအနေများအပေါ်မူတည်၍ လိုအပ်သော ကန့်သတ်ချက်များကို ထိန်းသိမ်းထားပြီးမှ နယ်စပ်ဂိတ်အား ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထိုရုံးမှတာဝန်ရှိသူက ပြောကြားသည်။

ထို့ပြင် ဒေသခံများ နယ်စပ်ဂိတ်ကို ဖြတ်သန်းသွားလာနိုင်ရန်အတွက် အီဂျစ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အစ္စရေးနိုင်ငံ၏ ကြိုတင်လုံခြုံရေးခွင့်ပြုချက်နှင့် ဥရောပသမဂ္ဂအဖွဲ့၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon

# တိုက်ပွဲအလီလီဟုအမည်ရသည့် သည်းထိတ်ရင်ဖိုရုပ်ရှင်ဇာတ်ကား အကောင်းဆုံးဇာတ်ကားဆုအပါအဝင် အော်စကာဆုခြောက်ဆု ရရှိ

**ဝါရှင်တန် မတ် ၁၆**

တိုက်ပွဲအလီလီဟုအမည်ရသည့် သည်းထိတ်ရင်ဖိုရုပ်ရှင်ဇာတ်ကားသည် ယခုနှစ်အော်စကာဆုပေးပွဲတွင် အကောင်းဆုံးဇာတ်ကားဆုအပါအဝင် ဆုပေါင်းခြောက်ဆုအထိရရှိကာ အောင်ပွဲခံခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းအောင်မြင်မှုသည် ဟောလိဝုဒ်၏ အလေးစားရဆုံး ရုပ်ရှင်ဖန်တီးရှင်များထဲမှ တစ်ဦးဖြစ်သူ ပေါလ်သောမတ်စ်အန်ဒါဆန်အတွက် ပထမဆုံးသော အကောင်းဆုံးဇာတ်ကားဆုနှင့် အကောင်းဆုံးဒါရိုက်တာဆုများကို ရရှိခြင်းဖြစ်သည်။ ၎င်းသည် ယခင်က အော်စကာဆုနှင့် လွဲချော်ခဲ့ဖူးသော်လည်း ယခုနှစ်တွင်မူ ဆုများကို ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

အခြားဆုရရှိသူများတွင် Sinners ဇာတ်ကားဖြင့် မင်းသားတီမိုသီရှာလမေးကို ကျော်ဖြတ်ကာ အကောင်းဆုံးမင်းသားဆုရရှိခဲ့သူ မိုက်ကယ်ဘီကျော်ဒန်နှင့် Hamnet ဇာတ်ကားတွင် ပါဝင်သည့် သရုပ်ဆောင်ချက်များကြောင့် အသိအမှတ်ပြုခံရသည့် အိုင်ယာလန်မင်းသမီး ဂျက်စီဘတ်ကလေတို့ ပါဝင်ကြောင်း သိရသည်။

Mon

# မိခင် ဒိုင်ယာနာမင်းသမီးနှင့်အတူ ရိုက်ကူးထားသော ဓာတ်ပုံ အိမ်ရှေ့မင်းသားဝီလျံ အင်စတာဂရမ်၌ ဝေမျှပြီးဂုဏ်ပြုခဲ့

**လန်ဒန် မတ် ၁၆**

ဗြိတိန်တော်ဝင်မိသားစုမှ အိမ်ရှေ့မင်းသားဝီလျံသည် မိခင်များနေ့အထိမ်းအမှတ်အဖြစ် ကွယ်လွန်သူမိခင် ဒိုင်ယာနာမင်းသမီးနှင့်အတူ ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံကို အင်စတာဂရမ်၌ ဝေမျှပြီး ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

ယခင်က လူသိရှင်ကြားထုတ်ဖော်ပြသခဲ့ခြင်းမရှိသည့် အဆိုပါဓာတ်ပုံသည် မိသားစု၏ ကိုယ်ပိုင်မှတ်တမ်းစုဆောင်းမှုအတွင်းမှဖြစ်ပြီး ၁၉၈၄ ခုနှစ်က ဂလော့စတာရှိုင်းယားရှိ ဟိုက်ဂရိုးဗ်နေအိမ်ရှိ တောပန်းများပွင့်နေသော ကွင်းပြင်တစ်ခုတွင် အသက်နှစ်နှစ်အရွယ် မင်းသားဝီလျံနှင့် ဒိုင်ယာနာမင်းသမီးတို့ အတူထိုင်နေသည်ကို တွေ့မြင်ရသည်။

မင်းသားဝီလျံက ၎င်း၏ အင်စတာဂရမ်စာမျက်နှာတွင် မိခင်ကို ယနေ့သာမက နေ့ရက်တိုင်း သတိရနေပါကြောင်း၊ ယနေ့တွင် မိမိတို့ချစ်ခင်ရသူများကို လွမ်းဆွတ်သတိရနေကြသူအားလုံးကိုလည်း စာနာမိပါကြောင်းနှင့် မိခင်များနေ့တွင် ပျော်ရွှင်ပါစေကြောင်း ရေးသားဖော်ပြခဲ့သည်။

၁၉၉၇ ခုနှစ်တွင် အသက် ၃၆ နှစ်အရွယ်၌ ယာဉ်မတော်တဆမှုဖြင့် ကွယ်လွန်ခဲ့သော ဒိုင်ယာနာမင်းသမီးသည် ယခုနှစ် ဇူလိုင်လ ၁ ရက်တွင် သက်တော် (၆၅)နှစ် ပြည့်မြောက်မည်ဖြစ်ကြောင်း သိရသည်။

Mon






# အာဖဂန်မိသားစုပေါင်း ၂၀၀၀၀ ကျော်ထံသို့ ကုလ စားနပ်ရိက္ခာများ စတင်ဖြန့်ဝေပေးနေပြီ

**ကဘူးလ် မတ် ၁၆**

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် အာဖဂန်မိသားစုပေါင်း ၂၀၀၀၀ ကျော်ထံသို့ အသက်ကယ်ဆယ်ရေး စားနပ်ရိက္ခာများ စတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က မတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထို့ပြင် မတည်ငြိမ်မှုများဆက်လက်ဖြစ်ပွားနေပါက လူသန်းပေါင်းများစွာ ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းလည်း သတိပေးထားသည်။

နေရပ်စွန့်ခွာ ထွက်ပြေးလာကြသည့် မိသားစုများ၏ အရေးပေါ်ငတ်မွတ်မှုကို ဖြေရှင်းရန်အတွက် အားဖြည့်ဘီစကွတ်များကို ဦးစွာဖြန့်ဝေပေးမည်ဖြစ်ပြီး အဆိုပါအသင့်စားရိက္ခာများသည် ချက်ပြုတ်ရန်အခက်အခဲရှိသော စစ်ဘေးရှောင်များအတွက် ရည်ရွယ်ခြင်းဖြစ်သည်။



လာမည့် သီတင်းပတ်များအတွင်း အကူအညီအလိုအပ်ဆုံးသော အိမ်ထောင်စုများထံသို့ နှစ်လစာ စားနပ်ရိက္ခာ သို့မဟုတ် ငွေကြေးထောက်ပံ့မှုများ အပါအဝင် ထပ်ဆောင်းအကူအညီများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား လအတော်ကြာဖြစ်ပွားနေသည့် နယ်စပ်ဖြတ်ကျော် ပဋိပက္ခများသည် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ တစ်ကျော့ပြန် ပြင်းထန်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

# ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းကာလအတွင်း အရေးပေါ်အရန်ဆီများကို ဂျပန်ထုတ်ယူသုံးစွဲနေပြီဖြစ်

**တိုကျို မတ် ၁၆**

အမေရိကန်နှင့် အစ္စရေးတို့၏ တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြားကို အမှန်တကယ် ပိတ်ဆို့လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းကာလအတွင်း ဂျပန်နိုင်ငံသည် ၎င်း၏ အရေးပေါ်အရန်ဆီများကို စတင်ထုတ်ယူသုံးစွဲနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဆီထုတ်ယူမှုနှင့်ပတ်သက်သည့် အကြောင်းကြားစာကို ဂျပန်အစိုးရ၏ တရားဝင်ပြန်တမ်းတွင် မတ် ၁၆ ရက်က ထုတ်ပြန်ကြေညာသည်။

ရေလက်ကြားအတွင်း သင်္ဘောဖြတ်သန်းသွားလာမှုအပေါ် အီရန်၏ ခြိမ်းခြောက်မှုများကြောင့် လောင်စာဆီထောက်ပံ့မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ ရှိနေစဉ်အတွင်း အရန်သိုလှောင်ရုံများမှ ရေနံစည်ပေါင်း သန်း ၈၀ ကို တစ်ဖက်သတ်ထုတ်ယူသွားမည့် အစီအစဉ်ကို ဂျပန်ဝန်ကြီးချုပ် ဆာနာအဲတာကာအီချိ ယခင်အပတ်က ကြေညာခဲ့သည်။

အမေရိကန်၊ အစ္စရေးတို့နှင့် အီရန်တို့အကြား ဖြစ်ပွားနေသော ပဋိပက္ခ၏ နောက်ဆက်တွဲဆိုးကျိုးများမှ ဈေးကွက်ကို ကာကွယ်ရန်အတွက် စံချိန်တင် ရေနံစည်ပေါင်း သန်း ၄၀၀ ထုတ်ယူမှုကို ညှိနှိုင်းဆောင်ရွက်သွားမည်ဟု အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီက မပြောကြားမီ အချိန်အနည်းငယ်အလိုတွင် ဝန်ကြီးချုပ် တာကာအီချိက ယခုကဲ့သို့ အရေးယူဆောင်ရွက်မှုကို ကြေညာခြင်းဖြစ်ကြောင်း သိရသည်။

Mon



## အခြေခံပန်းချီရေးဆွဲနည်း(အခမဲ့) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၆**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Coummity Centre)ခန်းမ၌ အခြေခံပန်းချီရေးဆွဲနည်း(အခမဲ့) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က အဖွင့်အမှာစကား ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ အနုပညာအခြေခံကောင်းများရရှိစေရန်နှင့် ကလေးငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်း(အခမဲ့) သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသော ပန်းချီဆရာများက တစ်ဦးချင်း ကျောင်းသား၊ ကျောင်းသူ လူငယ်များနှင့် မိတ်ဆက်ခဲ့ကြသည်။

ထို့နောက် Myanmar Real News ကုမ္ပဏီမှ ဦးဝေလင်းမောင်၊ ဖနီးဒေါ်နှင်းအိခိုင်၊ ဦးရဲမိုးအောင်တို့က အခြေခံပန်းချီသင်တန်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း နည်းပြဆရာ ဖိုးချစ်(တောင်ခြေ)နှင့် ဦးရွှေမော်(မြောက်ပြင်)တို့က အခြေခံပန်းချီရေးဆွဲနည်းကို သင်ကြားပေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများပြသထားသော ကလေးအလုပ်သမားခိုင်းစေမှုလျှော့နည်းပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြသည်။ အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလကို မတ် ၁၆ ရက်မှ ၂၀ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

**အလင်းသစ်(ပြန်/ဆက်)**

၀-၀-၀-၀



## အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပုသိမ်ကြီးမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေး

**ပုသိမ်ကြီး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီက စာစစ်ဌာနနှစ်ခုတွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် ဖြေဆိုနေမှုကို အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးကြသည်။





ပုသိမ်ကြီးမြို့နယ်တွင် တက္ကသိုလ်ဝင် စာမေးပွဲကို စာစစ်ဌာနနှစ်ခုဖြစ်သည့် အ.ထ.က ပုသိမ်ကြီးနှင့် အ.ထ.က အုန်းချောတို့ကို သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုကို အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းအောင်ထွေး၊ အဖွဲ့ဝင် ခရိုင်လဝကမှူး ဦးမောင်မောင်အေး၊ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ စာရေးကိရိယာ အခမဲ့အသုံးပြုနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများ လုံခြုံအေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စာနည်းကိုကို(ပြန်/ဆက်)**

## နွားထိုးကြီးမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်

**နွားထိုးကြီး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး နေမျိုးကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး မျိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မိုးဇော်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဌေး၊ မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးစိုးလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့စီးပွားရေးဘဏ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့သည်။

(အောက်ပုံ)

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင့်လွင့်ဦး**




## ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲ ကျင်းပ

**ရပ်စောက် မတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို မတ် ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲက မြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဦးမြတ်သူက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး အားကစားသင်တန်း နည်းပြ ဆရာ၊ ဆရာမများကိုယ်စား နည်းပြဆရာ ဦးစိုင်းချင်းမောင်က သင်တန်းဆင်းကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အားကစားသင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသားများအား ဂုဏ်ပြုလက်ဆောင်၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအားကစားအင်္ကျီနှင့် သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခဲ့ကြသည်။ ၎င်းနောက် မြန်မာ့သိုင်းအားကစားသမားများနှင့် အေရိုးဗစ်အားကစားသမားများက သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ)

**Daisy**



## အမျိုးသမီးတစ်ဦးအား တောင်ကိုရီးယားနိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်စေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁၆**

အမျိုးသမီးတစ်ဦးအား တောင်ကိုရီးယားနိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်စေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မကျော့ကေခိုင်သည် ၎င်းနှင့် ခင်မင်ရင်းနှီးသည့် မော်ဒယ်သင်တန်းတက်ရောက်နေသူ မြန်မာအမျိုးသမီးတစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဒိုင်းမွန်းကွန်ဒိုတွင် ကိုရီးယားဘာသာစကားသင်တန်းဖွင့်လှစ်ထားပြီး မြန်မာအမျိုးသမီးများအား Blind Date ပြုလုပ်ပေးနေသည့် တောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)နှင့် မိတ်ဆက်ပေးခဲ့ကြောင်း၊ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)က တောင်ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းမည်ဆိုပါက ထိုက်ထိုက်တန်တန် တင်တောင်းငွေပေးမည်၊ တစ်လလျှင် အိမ်ထောင်စရိတ်အဖြစ် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ အထိ ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့ရာ ၎င်းကိုရီးယားဘာသာစကားသင်တန်းတွင် အလုပ်လုပ်ကိုင်နေသည့် နို့ဇင်မိုး(ခ)စုဂျင်းက ဘာသာပြန်ပေးခဲ့ကြောင်း။

ထို့နောက် တောင်ကိုရီးယား နိုင်ငံသား Mr. Bang Gyeong Cheol နှင့် တွေ့ဆုံပေးခဲ့ပြီး ရွှေတိဂုံဘုရားနှင့် ပြည်သူ့ရင်ပြင်ပန်းခြံတို့တွင် မင်္ဂလာဆောင်မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပေးခဲ့ကြောင်း၊ Mr. Bang Gyeong Cheol မှ ၎င်းအမျိုးသမီးနှင့် သုံးရက်ခန့် ပေါင်းသင်းနေထိုင်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသို့ ပြန်သွားခဲ့သဖြင့် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ပြောဆိုခဲ့ရာ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) ထံ ငွေကျပ် သိန်း ၆၀၀ ခန့် ပေးခဲ့ကြောင်း၊ Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)က ၎င်းအမျိုးသမီးကို ငွေကျပ် သိန်း ၂၀ သာပေးခဲ့ကြောင်း စိစစ်သိရှိရသဖြင့် တောင်ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းစေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း)၊ မကျော့ကေခိုင်နှင့် မနို့ဇင်မိုး(ခ)စုဂျင်းတို့အား အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကမာရွတ်မြို့မရဲစခန်း (ပ) ၁၈၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မတ် ၁၃ ရက်တွင် ကမာရွတ်ခရိုင်တရားရုံးမှ တရားခံ တောင်ကိုရီးယားနိုင်ငံသား Mr. Hwang Hee Hwan (ဟောင်ဟီဝှမ်း) ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန်၊ တရားခံ ကျော့ကေခိုင်နှင့် နို့ဇင်မိုး(ခ)စုဂျင်းတို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## 2026 BNP Paribas Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Daniil Medvedev တက်ရောက်



**မိုင်ယာမီ မတ် ၁၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ရုရှားတင်းနစ်ကစားသမား Daniil Medvedev တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်ကစားသမား Daniil Medvedev သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ် ကစားသမား Carlos Alcaraz အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev နှင့် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ခဲပုံ)
(NGB)

## ကာတစ်ဂျုံးစ်ကို ခေါ်ယူရန် အင်တာမီလန်အသင်း စိစဉ်

**မီလန် မတ် ၁၆**



စီးရီးအေကလပ် အင်တာမီလန်အသင်းသည် လီဗာပူးအသင်း ကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၅ပွဲကစားပြီး ၂၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်ကိုယ်တိုင်ကလည်း ယခုနှစ်ဘောလုံးရာသီကုန်တွင် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် လီဗာပူးအသင်းထံမှ ကာတစ်ဂျုံးစ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## အဒမ်အိုဘတ် ကက်ဂလီယာရီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် မတ် ၁၆**

စီးရီးအေကလပ် ကက်ဂလီယာရီအသင်းသည် အသင်းနောက်ခံကစားသမား အဒမ်အိုဘတ်ကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။


အဆိုပါ နောက်ခံကစားသမားသည် ကက်ဂလီယာရီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ ပွဲကစားပြီး တစ်ဂိုးသွင်းယူထားခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ အဒမ်အိုဘတ်က 'ကျွန်တော် အခုလိုအသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ဒီအသင်းမှာ ကျွန်တော်ကိုယ်တိုင်လည်း ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားလိုပါတယ်'ဟု ပြောသည်။

(ယာပုံ)(NGB)



## ဒီကလန်ရိုက်စ်အား စာချုပ်သက်တမ်းတိုးရန် နယူးကာဆယ်အသင်း စီစဉ်



**လန်ဒန် မတ် ၁၆**

အာဆင်နယ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမား၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၂၈ခုနှစ်အထိ ကျန်ရှိနေသေးသော်လည်း အာဆင်နယ်အသင်းက စာချုပ်သက်တမ်း ထပ်မံတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၄ ပွဲကစားပြီး ဂိုး ၂၀ အထိသွင်းယူကာ ခြေစွမ်းပြထားသည်။

အာဆင်နယ်အသင်းထုတ်ပြန်ချက်တွင် 'ဒီကလန်ရိုက်စ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ'ဟု ထုတ်ပြန်သည်။

(အပေါ်ခဲပုံ)
(NGB)

## မူစီယာလာ ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**မြူးနစ် မတ် ၁၆**

ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား မူစီယာလာသည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းက အတ္တလန်တာအသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

ကွင်းလယ်ကစားသမား မူစီယာလာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက်လည်း ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မူစီယာလာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၈ ပွဲကစားပြီး ၆၇ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

(NGB)



## တစ်ရာသီအတွင်း ဂိုးပန်တီးမှု အကြိမ်အများဆုံးပြုလုပ်နိုင်သည့် ကစားသမားအဖြစ် ဘရူနိုဖာနန်ဒက်စ် မှတ်တမ်းဝင်

**လန်ဒန် မတ် ၁၆**



မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် (ဂိုးဖန်တီးမှု ၁၆ ကြိမ်)သည် ဒေးဗစ်ဘက်ခမ်း (ဂိုးဖန်တီးမှု ၁၅ ကြိမ်)အား ကျော်ဖြတ်ပြီး အသင်းနှင့်အတူ တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအကြိမ်အများဆုံးပြုလုပ်နိုင်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းက အက်စတွန်ဗီလာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၈ ပွဲကစားပြီး ၁၀၅ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်က 'ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## လာဇီယိုအသင်းက အေစီမီလန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် မတ် ၁၆**

အီတလီစီးရီးအေ ပွဲစဉ်(၂၉) အဖြစ် ယနေ့ နံနက်ပိုင်းက လာဇီယိုအသင်းနှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လာဇီယိုအသင်းက အေစီမီလန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လာဇီယိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် အိုင်ဆတ်ဆန်က သွင်းယူပေးခဲ့သည်။

အီတလီစီးရီးအေ ပွဲစဉ်(၂၉) ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် အေစီမီလန်အသင်းက ရမှတ် ၆၀ ဖြင့် အဆင့်(၂)နေရာ၊ လာဇီယိုအသင်းက ရမှတ် ၄၀ မှတ်ဖြင့် အဆင့် ၉ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

(အောက်ပုံ)(NGB)



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆)ပွဲကျန် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၈-၃-၂၀၂၆ နံနက် ၀၂:၁၅ နာရီ | (၁၂)ဝက်ဖို့ဒ် (W,L,W,D,L) - ဝရက်ဟမ်း(၁၆) (W,W,L,L,W) | —— |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၁၇-၃-၂၀၂၆ အင်္ဂါနေ့ | ညနေ ၃:၃၀ နာရီ | (၁၂)ရာမည - သစ္စာအားမာန်(၉) (L,L,L,L,L) (L,D,D,W,D) | —— |
| ၁၇-၃-၂၀၂၆ အင်္ဂါနေ့ | ညနေ ၄:၀၀ နာရီ | (၈)မဟာ - ရှေ့ဝတီ(၇) (D,D,L,L,L) (W,W,D,L,W) | မဟာ ၂-၀ ရှေ့ဝတီ / ရှေ့ဝတီ ၃-၁ မဟာ |

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့်(ဒု-အကျော့ ပွဲစဉ်များ) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှု ရလဒ် |
|---|---|---|---|
| ၁၈-၃-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀:၁၅ နာရီ | စပို့တင်းလစ္စဘွန်း (ပေါ်တူဂီ-၂) - ဘိုဒိုဂလင့် (နော်ဝေ-၇) | ဘိုဒိုဂလင့် ၃-၀ စပို့တင်းလစ္စဘွန်း |
| ၁၈-၃-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက် ၀၂:၃၀ နာရီ | အာဆင်နယ် (အင်္ဂလန်-၁) - လေဗာကူဆင် (ဂျာမနီ-၆) | လေဗာကူဆင် ၁-၁ အာဆင်နယ် |
| ။ | ။ | ချဲလ်ဆီး (အင်္ဂလန်-၆) - ပီအက်စ်ဂျီ (ပြင်သစ်-၁) | ပီအက်စ်ဂျီ ၅-၂ ချဲလ်ဆီး |
| ။ | ။ | မန်စီးတီး (အင်္ဂလန်-၂) - ရီးရဲလ်မက်ဒရစ် (စပိန်-၂) | ရီးရဲလ်မက်ဒရစ် ၃-၀ မန်စီးတီး |

**ဘောလုံးသတင်း အတိုအထွာများ**

* မန်ယူအသင်းသည် ဘီလ်ဘာအိုအသင်းတောင်ပံကစားသမား ဝီလီယံအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* အက်သလက်တီကိုမက်ဒရစ်အသင်းသည် မန်စီးတီးအသင်း တောင်ပံကစားသမား ဒိုကူအား ခေါ်ယူသွားမည်ဖြစ်သည်။ (NGB)



## နေ့ရာသီ အခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ကိုရီးယားဘာသာ၊ ပန်းချီ၊ စစ်တုရင်သင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်ကြီး မတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)၌ မတ် ၁၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် နွေရာသီ အခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ကိုရီးယားဘာသာ၊ ပန်းချီ၊ စစ်တုရင် သင်တန်းများဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် လူငယ်များဟာ နိုင်ငံရဲ့အနာဂတ်ကို ကောင်းမွေ၊ ဆိုးမွေတို့ ဖန်တီးနိုင်သူများဖြစ်ကြတဲ့အတွက် လူငယ်များအား လမ်းမှားပေါ်သို့ မရောက်ရှိစေဘဲ မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ရန် ပိုင်းဝန်းတည့်မတ်ပေးကြရမှာဖြစ်ကြောင်း၊ ယနေ့လူငယ်များဟာ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များဖြစ်သလို တိုင်းပြည်ရဲ့ အနာဂတ်ခေါင်းဆောင်များလည်းဖြစ်ကြကြောင်း၊ လူငယ်များကို ပညာတတ်မြောက်ရေးသက်သက်သာ မဟုတ်ဘဲ စနစ်တကျ မှန်မှန်ကန်ကန်လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ကြောင်း၊ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူလူငယ်များဖြစ်မှသာ နိုင်ငံကိုကောင်းမွန်အောင်တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားကြရမှာဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်တဲ့ သင်တန်းများဟာဆိုရင် လူငယ်များအတွက် အလွန်အင်မတန်အကျိုးရှိတဲ့ သင်တန်းများပင်ဖြစ်ကြောင်း၊ နည်းပညာခေတ်မှာ မဖြစ်မနေသင်ကြားတတ်မြောက်ထားရမယ့် ကွန်ပျူတာဘာသာရပ်၊ မဖြစ်မနေတတ်မြောက်ထားရမယ့် ဘာသာစကားတွေ၊ လူငယ်တွေရဲ့ စိတ်ကူးဉာဏ်များ၊ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်များ၊ အနုပညာအရည်အသွေးများ တိုးတက်မြင့်မားစေရန်အတွက် ပန်းချီရေးဆွဲနည်းသင်တန်းနဲ့ စစ်တုရင်သင်တန်းများဟာ လူငယ်တစ်ဦးချင်းစီအတွက် အကျိုးရှိစေတဲ့ သင်တန်းများဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နွေရာသီသင်တန်းအတွက် ထောက်ပံ့ငွေပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က နွေရာသီသင်တန်းများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ရာ တောင်ကြီးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က လက်ခံရယူသည်။

အဆိုပါသင်တန်း ငါးမျိုးကို မတ် ၁၃ ရက်မှ ဧပြီ ၂၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

(၃၆၈)



## မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ပန်းချီပြိုင်ပွဲကျင်းပ

**မြစ်သား မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီ ကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိရှိအသုံးချပြီး ပန်းချီရေးဆွဲတတ်စေရန် ရည်ရွယ်၍ ပန်းချီပြိုင်ပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင် ပြိုင်ပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် ပန်းချီပြိုင်ပွဲ ကျင်းပပေးခြင်းဖြင့် ကလေးငယ်များ အနုပညာကို စိတ်ပါဝင်စားတတ်စေရန်၊ ပင်ကိုစိတ်ကူးစိတ်သန်းများ မြင့်မားလာစေရန်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း နည်းပြဆရာ ဦးဇော်ဇော်ဝင်းက ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အကြီးတန်းအဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးနှင့် အငယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

## နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၅၂၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၅၂၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ၅၂၈၀ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ဧက ၃၃၂၃၅ ဧက စိုက်ပျိုးဖို့ လျာထားရာ ၅၂၈၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းများ ကောင်းမွန်စေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးတာ၊ စိုက်ပျိုးရေလေလွင့်မှု မရှိအောင် စနစ်တကျ ရယူသုံးစွဲတတ်စေရေး အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(၄၄၅)

## စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

**ကန့်ဘလူ မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမိုးဝင်းသန်းက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ဖြစ်ပေါ်လာပုံအကြောင်းများ၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ရွက်နေမှုများ၊ ထုတ်ကုန်ဘေးကင်းလုံခြုံမှုနှင့် ဘေးကင်းလုံခြုံမှုမရှိခြင်း၏ဆိုးကျိုးများ၊ စားသုံးသူများ သတိပြုရမည့် လက်တွေ့ကျသောအချက်များ၊ နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေသော စားသုံးသူအခွင့်အရေးများဖြစ်သည့် အခြေခံလိုအပ်ချက်များအပေါ် စိတ်ကြိုက်ရွေးချယ်ခွင့်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုပိုင်ခွင့်၊ လိုအပ်သောအချက်အလက်များသိရှိပိုင်ခွင့်၊ စိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်၊ တင်ပြတိုင်ကြားခွင့်၊ နစ်နာမှုအတွက် ကုစားခွင့်၊ အသိပညာဗဟုသုတများ လေ့လာဆည်းပူးခွင့်နှင့်ကောင်းမွန်သန့်ရှင်းသော ပတ်ဝန်းကျင်တွင် နေထိုင်ခွင့် စသည်တို့ကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## ကာကီးကင်း (Khaki Campbell) ဘဲအား ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာ

**မန္တလေး မတ် ၁၆**

ဥထုတ်လုပ်မှုကောင်းပြီး စီးပွားရေးအကျိုးအမြတ်ရရှိနိုင်သည့် ကာကီးကင်း (Khaki Campbell) ဘဲ အမျိုးအစားကို မြန်မာနိုင်ငံတွင် အကြီးစားနှင့် အသေးစား မွေးမြူရေးလုပ်ငန်းများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာကြသည်။

ကာကီးကင်းဘဲသည် ဥထုတ်လုပ်မှုနှုန်းမြင့်မားပြီး အသားအရသာကောင်းမွန်သည့်အတွက် စီးပွားဖြစ်မွေးမြူရန် သင့်တော်သည့် ဘဲမျိုးတစ်မျိုးဖြစ်ကာ အထူးသဖြင့် ဘဲဥထုတ်လုပ်ရေးလုပ်ငန်းများတွင် အဓိကထား မွေးမြူကြသည်။

မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် ဘဲအိမ်များကို စနစ်တကျဆောက်လုပ်၍ ရေနှင့် အစာအာဟာရများကို သေချာစွာ စီမံပေးပြီး ခေတ်မီမွေးမြူရေး နည်းစနစ်များကို အသုံးပြုကာ မွေးမြူလျက်ရှိသည်။



ကာကီးကင်းဘဲတစ်ကောင်သည် တစ်နှစ်လျှင် ဥအလုံး ၂၀၀ ကျော်အထိ ဥနိုင်သည့်အတွက် ဥရောင်းချမှုမှ စီးပွားရေးအကျိုးအမြတ်ကောင်းများ ရရှိနိုင်ပြီး ဥစားဘဲမွေးမြူရေးလုပ်ငန်းအဖြစ် တွက်ခြေကိုက်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ထို့ကြောင့် ကာကီးကင်းဘဲမွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် စီးပွားရေးအရ အကျိုးရှိသည့် မွေးမြူရေးလုပ်ငန်းတစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးလာပြီဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-စ)

## လွယ်ကူလေ့လာ AI နည်းပညာသင်တန်း(၁/၂၀၂၆) လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြား

**လားရှိုး မတ် ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ ကြီးမှူး၍ မင်္ဂလာ AI ဖြင့်ပူးပေါင်းပြီး လွယ်ကူလေ့လာ AI နည်းပညာသင်တန်း (၁/၂၀၂၆)ကို မတ် ၁၄ ရက် နံနက် ၉ နာရီက လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာနရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး) ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က အမှာစကားပြောကြားပြီး မင်္ဂလာ AI မှ နည်းပြဆရာဦးအောင်သူထွန်းက AI နည်းပညာနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က လွယ်ကူလေ့လာ AI နည်းပညာသင်တန်း(၁/၂၀၂၆) ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းကို ဖွင့်လှစ်ခဲ့ရာ မင်္ဂလာ AI မှ ဆရာဦးအောင်သူထွန်းက AI ၏ အခြေခံသဘောတရားများ၊ သမိုင်းအကျဉ်းနှင့် ခေတ်စားလာပုံ၊ အမျိုးအစားနှင့် အရေးပါသောနည်းပညာများ၊ အလုပ်လုပ်သည့်အခြေအနေ၊ အသိပညာရှာဖွေခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ ပညာရေးနှင့် သုတေသန၊ စီးပွားရေးနှင့် လုပ်ငန်းခွင်၊ Programming နှင့် Coding ရေးသားနည်း၊ တီထွင်ဖန်တီးမှုဆိုင်ရာလုပ်ငန်းများ၊ ကိုယ်ပိုင်အရည်အချင်းမြှင့်တင်ခြင်း၊ ဓာတ်ပုံဖြင့် အဖြေရှာနည်း၊ ကျန်းမာရေးအတွက် ဆွေးနွေးခြင်း စသည့် အကြောင်းအရာများအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၂ ဦး တက်ရောက်သင်ကြားခဲ့သည်။ (ဝဲပုံ)



လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လွယ်ကူလေ့လာ AI နည်းပညာသင်တန်းကို ၂၀၂၅ ခုနှစ်တွင် (၃)ကြိမ်ဖွင့်လှစ်ပို့ချခဲ့ပြီး ပြည်သူများ စိတ်ပါဝင်စားကာ တက်ရောက်သင်ကြားလိုသူများသဖြင့် ၂၀၂၆ ခုနှစ်တွင်လည်း (၃)ကြိမ် ဖွင့်လှစ်ပို့ချရန်အတွက် စာရင်းပေးသွင်းထားသူ စုစုပေါင်း ၁၂၀ ဦးရှိပြီးဖြစ်ကြောင်း သိရသည်။ **လူမော်(ပြန်/ဆက်)**

## ရေရရှိရေးနည်းလမ်းအလိုက် ဒေသန္တရလျာထားမှုဖြင့် သီးနှံစုံ ၅၂၇၁၅ ဧက စိုက်ပျိုး

**ကျောက်ဆည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ၂၀၂၅-၂၀၂၆ ခုနှစ် ရေရရှိရေးနည်းလမ်းအလိုက် ဒေသန္တရလျာထားမှုဖြင့် သီးနှံစုံ ၅၂၇၁၅ ဧက လျာထားစိုက်ပျိုးလျက်သည်။

ထိုသို့ လျာထားစိုက်ပျိုးရာတွင် နွေစပါးများကို ဇော်ဂျီဆည်ရေဖြင့် ၄၇၀၉ ဧက၊ ကင်းတားဆည်ရေဖြင့် ၂၂၃ ဧက၊ နွေနှမ်းသီးနှံများကို ဇော်ဂျီဆည်ရေဖြင့် ၃၁၀၃၇ ဧက၊ ကင်းတားဆည်ရေဖြင့် ၁၃၁၂၉ ဧက၊ သစ်တက္ကနုံးဆည်ရေဖြင့် ဧက ၄၀၊ မိုးကြိုပဲတီစိမ်းသီးနှံများကို ဇော်ဂျီဆည်ရေဖြင့် ၂၇၆၇ ဧက၊ ကင်းတားဆည်ရေဖြင့် ၅၂၉ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါသီးနှံများကို ကင်းတားဆည်ရေဖြင့် ဧက ၁၀၀၊ အခြားသီးနှံများကို ဇော်ဂျီဆည်ရေဖြင့် ၁၈၁ ဧက စုစုပေါင်း ၅၂၇၁၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လျာထားနွေစပါးသီးနှံများ ပြည့်ဝကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်များအလိုက် အလှည့်ကျရေပေးဝေရေး စသနစ်ဖြင့် စိုက်ပျိုးရေများ ပြည့်ဝစွာ ပေးဝေလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄စ၅)**



## ရောက်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မြစ်သား မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာအုပ်စု၊ ရောက်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရောက်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ (ဝဲပုံ)

အဆိုပါ ရောက်စောက်ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၂ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ (၄၄၅)



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး မတ် ၁၆**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာကြီး၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ မတ် ၁၄ ရက်က ပန်းလှိုင်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော ရူပဗေဒဌာနမှ ကန်တော့ခံဆရာကြီး ဦးမောင်မောင်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှုကန်တော့ငွေကျပ် ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။

အလားတူ မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစုကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှလည်း ဂါရဝပြုထောက်ပံ့ငွေကျပ် သုံးသိန်း၊ ဦးခင်မောင်ချို+ဒေါက်တာဥမ္မာက ငွေကျပ် သုံးသိန်း၊ ဦးကြည်မောင်မြင့်က ငွေကျပ် တစ်သိန်း ဂါရဝပြုပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ခုနှစ်၊ မတ် ၁၄ရက်အထိ နာမကျန်းသောကန်တော့ခံဆရာ၊ ဆရာမကြီး ၃၈၃ ဦးအား ငွေကျပ် သိန်း ၇၉၀ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၄၅)**

## လန်ချန်း-မဲခေါင် ဗဟုသုတ ဉာဏ်စမ်း အမေးအဖြေအစီအစဉ် ကျင်းပမည်

**ရန်ကုန် မတ် ၁၆**

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ပထမဆုံးအကြိမ် နိုင်ငံ့ခေါင်းဆောင်အစည်းအဝေး ကျင်းပခဲ့သည့် (၁၀)နှစ်ပြည့် နှစ်ပတ်လည်အခါသမယကို ဂုဏ်ပြုရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ပဉ္စမအကြိမ်မြောက် 'လန်ချန်း-မဲခေါင် ဗဟုသုတ ဉာဏ်စမ်းအမေးအဖြေ' အစီအစဉ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အရ မတ် ၁၆ ရက်မှ ၂၀ ရက်အထိ တရုတ်သံရုံး၏ တရားဝင် Facebook စာမျက်နှာတွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့် ရွေးချယ်စရာ မေးခွန်း သုံးခုကို နေ့စဉ်ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

မေးခွန်း သုံးခုစလုံးကို မှန်ကန်စွာ ဖြေဆိုနိုင်သူများထဲမှ ကံထူးရှင် သုံးဦးကို ကျပန်းရွေးချယ်ကာ Six sided Chinese Lacquered Panel Art နှင့် Panda Cross-body Backpack များကို လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်သည်။





ထိုအစီအစဉ်အတွက် ကံထူးရှင်များ၏ စာရင်းကို မတ် ၂၃ ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး စိတ်ဝင်စားသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ အသိပေးထားသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်-ဧ)**

# ကျွန်တော်နှင့် ..... အင်းဝမြို့ အပိုင်း(၁)

**DE ဦးသန်းမြင့်ရေ....**

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ စစ်ကြိုခေတ် စသည့်ဖြင့် ခေတ်ကြီးတွေများစွာ ရှိခဲ့ပါတယ် ခင်ဗျာ။ အင်းဝခေတ်မှာရှိခဲ့တဲ့ အင်းဝမြို့ဟောင်းအကြောင်းကို တင်ပြလိုပါတယ် ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ....**

အင်းဝမြို့ဟောင်းဆိုတာကတော့ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ထဲမှာ တည်ရှိပါတယ်။ မြို့သက်တမ်းက (၁၉၁)နှစ်လောက်ကြာပြီလို့ သိရပါတယ်။ မြန်မာသမိုင်းတစ်လျှောက်မှာ မင်းဆက်ပေါင်း သုံးဆက်တိတိ အင်းဝမှာ နန်းစိုက်ခဲ့တယ်လို့ မှတ်သားဖူးပါတယ် ခင်ဗျာ။ မင်းဆက်ပေါင်း သုံးဆက် ပထမအင်းဝခေတ်၊ ဒုတိယအင်းဝခေတ်(ခေါ်)ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်မှာလည်း (၂)ကြိမ်တိုင်တိုင် မင်းနေပြည်တော်အထိ နန်းစိုက်ခဲ့တဲ့ မြို့ဖြစ်ပါတယ်။

**DE ဦးသန်းမြင့်ရေ....**

ဧရာဝတီမြစ်နဲ့ မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်) ဆုံရာအရပ်မှာ တည်ရှိပြီးတော့ တံတားဦးမြို့ရဲ့ မြောက်ဘက် သုံးမိုင်ခန့် အကွာအဝေးမှာ ရှိပါတယ်။ မန္တလေးမြို့နှင့် (၁၁)မိုင်ခန့် ကွာဝေးပါတယ်။ မူလအစ မြို့တည်ရန်ကြိုးစားသူက ပင်းယတစ်စီးရှင်သီဟသူဖြစ်ပါတယ်။ (၃)ကြိမ်တိုင်တိုင် မြို့တည်ရန် ကြိုးစားခဲ့ပေမယ့် မြစ်ရေတက်ချိန်မှာ ရေပတ်လည်ဝိုင်းပြီး မြို့ကိုရေတိုက်စားခဲ့တဲ့အတွက်ကြောင့် မြို့တည်ဆောက်နိုင်ခြင်း မရှိခဲ့ပါဘူး။ သတိုးမင်းဖျား(၁၃၆၄-၁၃၆၇)ခုနှစ်မှာ အင်းနေရာများကို ရှောင်ရှားပြီးတော့ မြေဖို့ခြင်းများစွာပြုလုပ်ကာ တည်ဆောက်ခဲ့ခြင်းလို့ မှတ်သားရပါတယ်။ အင်းများတည်ရှိခြင်း၊ မြစ်နှစ်ကြောင်းဆုံရာ မြစ်ဝ၌ တည်ရှိခြင်းတို့ကြောင့် အင်းဝဟူ၍လည်းကောင်း၊ အင်း(၉) အင်း ယတြာချေတဲ့အနေနဲ့ မြေဖို့စေ၍ အင်းနဝဟူ၍လည်းကောင်း၊ ညောင်ရမ်းခေတ်တွင် အဝ၊ ရွှေဝဟူ၍လည်းကောင်း၊ အချို့သောရှေးဟောင်းကျောက်စာများမှာ အခွဆုံ ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့ကြပြီးတော့ အင်းဝမြို့အမည်ကွဲ (၅)မျိုးရှိခဲ့ပါတယ်။

**(၁) အင်းဝ**

**(၂) အင်းနဝ**

**(၃) ရွှေဝ**

**(၄) အဝ**

**(၅) ရတနာပူရ** တို့ ဖြစ်ပါတယ်။

**DE ဦးသန်းမြင့်ရေ....**

အင်းဝမြို့ဟောင်းမှာ တည်ရှိခဲ့တဲ့ လောကသရဖူဘုရား၊ မဟာဇေယျပထတံတား( ဦးအိုအုတ်လမ်း)၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)နှင့် ကျုံးတို့ဟာ အဖိုးမဖြတ်နိုင်တဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်ကြပါတယ်။

**DE ဦးသန်းမြင့်ရေ....**

လောကသရဖူဘုရားကြီး၊ အင်းဝမြို့ဟောင်းစည်တိုပုံမြို့ရိုးရဲ့ အနောက်ဘက်မှာရှိပြီးတော့ ဆင်ကျုံးခံတပ်ရဲ့ အရှေ့ဘက်မှာ ရှိပါတယ်။ မဟာဇေယျပထတံတားကတော့ အင်းဝမြို့ တောင်ဘက်မှာ တည်ရှိပြီးတော့ ဟံသာဝတီတံခါးမှ တံတားဦးမြို့ မင်္ဂလာစေတီအထိ တာ(၅၀၀)၊ တစ်မိုင်ခန့် ရှည်လျားပါတယ်။ လက်ရှိမှာ ပေ(၂၆၀၀)၊ (၄)ဖာလုံခန့်သာ ကျန်ရှိနေပါတော့တယ်။

**DE ဦးသန်းမြင့်ရေ....**

အင်းဝမြို့ဟောင်းမှာ အတွင်းမြို့ရိုး၊ ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)၊ ကျုံးနဲ့ တတိယမြို့ရိုး(အပြင်မြို့ရိုး)ဟုဆိုပြီးတော့ မြို့ရိုး (၃)ထပ် ရှိပါတယ်။ စည်တိုပုံမြို့ရိုးဟာ လက်ရှိမြင်နေရတဲ့ မြို့ရိုးဖြစ်ပြီး တော့ အရှေ့ဘက်မှာ ပေ(၂၁၀၀)၊ အနောက်ဘက်မှာ ပေ(၂၃၀၀)၊ တောင်ဘက်တွင် ပေ(၃၈၀၀)နှင့် မြောက်ဘက်တွင် ပေ(၃၈၀၀) ကျယ်ဝန်းပါတယ်။ မြို့ရိုးတံခါး (၉)ပေါက်ရှိပြီးတော့ ၄င်းတို့မှာ အရှေ့ဘက်မှာ အောင်ထွန်းတံခါး၊ ဥတည်တံခါး၊ သာစည်တံခါး၊ အနောက်ဘက်မှာကျတော့ စံရာတံခါး၊ ဝင်္ကတံခါး၊ တောင်ဘက်မှာ ကျော်ဘုံတံခါး၊ ရန်နှိမ်တံခါး၊ မြောက်ဘက်မှာ လေသာတံခါး၊ မာန်အောင်တံခါး ဟူ၍ ဖြစ်ပါတယ်။

ရွှေဇင်



## ချင်းတွင်းရေကြည် ပန်းချီခင်မောင်ညို၏ တတိယအကြိမ် တစ်ကိုယ်တော် "ရသရနံ့" ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး မတ် ၁၆**

ချင်းတွင်းရေကြည်ပန်းချီဆရာခင်မောင်ညို၏ တတိယအကြိမ်တစ်ကိုယ်တော်"ရသရနံ့" ပန်းချီပြပွဲကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၉လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ နမ္မတီးအနုပညာပြခန်း(ကောင်းကျော်ကဖေး)တွင် မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ ယခုပြုလုပ်မည့် တတိယအကြိမ် ပန်းချီပြပွဲတွင် ပန်းချီဆရာ ခင်မောင်ညိုရေးဆွဲထားသော ၃ပေ ×၂ပေ မှ ၁၀ လက်မ × ၁၂လက်မအရွယ် ရေဆေးနှင့် အခရိုင်းလစ်ပန်းချီကားပေါင်း(၆၀)ခန့် ပြသရောင်းချပေးသွားမည်ဖြစ်သည်။

ဆရာခင်မောင်ညိုသည် ပထမအကြိမ် ရသရနံ့တစ်ကိုယ်တော်ပန်းချီပြပွဲကို ၂၀၂၃ ခုနှစ်က မန္တလေး၊ မန္တလေးတောင်ပန်းချီပြခန်းတွင်လည်းကောင်း၊ ဒုတိယအကြိမ် ရသရနံ့တစ်ကိုယ်တော်ပန်းချီပြပွဲကို ၂၀၂၅ ခုနှစ်တွင် Collector's Soul ပန်းချီပြခန်းတွင်လည်းကောင်း ပြသခဲ့ပြီး ယခုတတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ် ၅၀ ခန့် ၁၉၇၄ ခုနှစ်မှစ၍ မုံရွာမြို့၊ ရတနာပုံရပ်တွင် ကိုယ်ပိုင်ပန်းချီလုပ်ငန်းဖြင့်စတင်ခဲ့သော ဆရာဦးခင်မောင်ညိုသည် ရန်ကုန်-မန္တလေး ပန်းချီပန်းပုပြပွဲကြီးများ၊ အုပ်စုလိုက်ပန်းချီပြပွဲများ၊ ချင်းတွင်းရေကြည်ရေဆေးပန်းချီပြပွဲများတွင် ပါဝင်ပြသခဲ့သည်။

ယခင်က မုံရွာမြို့တွင်ကိုယ်ပိုင်ပန်းချီသင်တန်းဖွင့်လှစ်ခဲ့သလို ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် အချိန်ပိုင်းပန်းချီနည်းပြအဖြစ် သင်ကြားပေးခဲ့သည်။ ဆရာခင်မောင်ညိုသည် မုံရွာမြို့နေဝင်းရုပ်ရှင်ရုံ ပန်းချီဆရာကြီး ဦးတင်မောင်၊ အ-လ-က(၂) ပန်းချီ ဆရာကြီးဦးညွန့်ခင်၊ အ-ထ-က(၁) ပန်းချီဆရာကြီး ဦးသိန်းလှိုင်၊ ပန်းချီဆရာကြီး ဦးဘတိုး၊ ပန်းချီဆရာကြီး ဦးဘမိုး(ရန်ကုန်)တို့ထံတွင် ပန်းချီပညာ သင်ယူခဲ့သည်။

ပန်းချီဆရာခင်မောင်ညိုကို အဖ ဦးဖေမောင်၊ အမိ ဒေါ်လှသိန်းတို့က ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်တွင် မွေးဖွားခြင်းဖြစ်ပြီး မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၅လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားတွင် နေထိုင်လျက်ရှိသည်။

(အပေါ်ပုံ)

(၃၉၄)

*-*-*-*

## စာဖြေကျောင်းသား၊ ကျောင်းသူများအား အားဖြည့်အချိုရည်များ လှူဒါန်း

**မန္တလေး မတ် ၁၆**

၂၀၂၆ခုနှစ် တက္ကသိုလ်ဝင်တန်း G12 ဖြေဆိုကြသည့် စာဖြေကျောင်းသား၊ ကျောင်းသူများအား အားဖြည့်အချိုရည်များလှူဒါန်းခြင်းကို ယနေ့မွန်းတည့် ၁၂နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်၁၂ အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့တွင် လှူဒါန်းခဲ့ကြသည်။

အားဖြည့်အချိုရည်များ လှူဒါန်းရာတွင် ဦးကိုကိုထွေး၊ ဇနီး ဒေါ်စန်းစန်းဝင်းနှင့် သစ်သီးပွဲရုံလုပ်ငန်းရှင်များက ငွေကျပ် သိန်း ၇၀ တန်ဖိုးရှိ Shark၊ Royal၊ အားဖြည့်အချိုရည်များနှင့် အုန်းသီး ပေါင်မုန့်တို့ကို စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ စာမေးပွဲခန်းကြီးကြပ်သူ ဆရာ၊ ဆရာမများ၊ လုံခြုံရေးအဖွဲ့အစည်းများအား ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခဲ့ကြသည်။

မတ် ၁၇ရက်တွင်လည်း အ·ထ·က ၁၄ နှင့် အ·ထ·က ၁၆တို့တွင် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၁)



## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး မတ် ၁၆**

မကွေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုအရာခံဗိုလ် စိုးပိုင်ဦးဆောင်၍ တပ်ဖွဲ့ဝင်များသည် Quick Win အစီအမံ(၅)ရပ်အား ယာဉ်မောင်းသူများ သိရှိလိုက်နာရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့ဝင်/ထွက်ဂိတ်များ၊ မြို့နယ်လမ်းဆုံနှင့် တောင်တွင်း-ပြည်လမ်း၊ တောင်တွင်း-မကွေးလမ်း၊ တောင်တွင်း- နတ်မောက်လမ်းများတွင်လည်း နေ့စဉ်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးကွင်းဆင်းဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်စီးနင်းသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်၊ မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်းမပြုရန်၊ အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရန်၊ မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်မှုမရှိခြင်း၊ မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း မပြုရန်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးဆွေးနွေးပြောကြားခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

(အောက်ပုံ) နောင်နောင်(ပိဿနိုးမြေ)




## စာအုပ်စင်ကဏ္ဍ

### ဖော်ညွှန်းသီ

စာအုပ်အမည် - လက်ရွေးစင် မြန်မာပုံပြင်များ
စာရေးသူ - တက်တိုး
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၇၅၀၀ ကျပ်
စာမျက်နှာ - ၁၇၁ မျက်နှာ
မျက်နှာဖုံးပန်းချီ - ဇေမင်းဝေ
ထုတ်ဝေသည့် ကာလ - ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(တတိယအကြိမ်)

ပုံပြင်(၁၅)ပုဒ် စုစည်းထားပြီး (မြန်မာ-အင်္ဂလိပ်)နှစ်ဘာသာဖြင့် ထုတ်ဝေသည်။ ပုံပြင်များမှာ မောင်ပိုနေမြဲ ကျားနေမြဲ၊ ငှက်များ မည်သို့ မိတ်ဆွေစဖြစ်ကြသလဲ၊ အကြံကုန် ဂဠုန်ဆားချက်၊ ကျွဲတွေမှာ ဘာကြောင့် အပေါ်သွားမရှိသလဲ၊ သက်တန့် (ရှင်မွေ့နွန်း-မင်းနန္ဒာ)၊ လကမ္ဘာက ဆန်ဖွပ်သည့် အဘိုးအို၊ ဉစ္စာရင်းမှန်၊ လူငယ်လေးယောက်၊ ပြောင်မြောက်သောရွေးချယ်မှု၊ သူများအကျိုးဆောင် ကိုယ်ကျိုးအောင်၊ လုသန်ကြီးအင်ဂွမ်ဂျာဒဝါး၊ ခွန်စံလောနှင့် နန်းဦးပြင်၊ သေမင်းကို ရှာဖွေသူ၊ သစ်ခွ၊ အတတ်ကြူးအရှုံးဖြစ်တို့ကို ဖတ်ရှုရမည်ဖြစ်သည်။

ပုံပြင်နှစ်သက်သည့် ကျောင်းသူ၊ ကျောင်းသားတို့အတွက် မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။



စာအုပ်အမည် - ရည်ငံနေသော နှစ်(အက်ဆေးများ)
စာရေးသူ - နေမျိုး
ထုတ်ဝေသည့်စာပေတိုက် - သစ်ရွက်အိမ်စာပေ
တန်ဖိုး - ၁၂၀၀၀ ကျပ်
စာမျက်နှာ - ၁၅၂ မျက်နှာ
မျက်နှာဖုံးနှင့်အတွင်းပန်းချီ - နေမျိုး
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မတ်လ

စာရေးသူ၏ကိုယ်တိုင်ရေးအမှာစာနှင့်အတူ အက်ဆေးအပုဒ် ၂၀ စုစည်းထားသည်။



အက်ဆေးများမှာ ရည်ငံနေသော နှစ်၊ လယ်ယာမြေမှ ဝေါဟာရများနှင့် ဆော့ကစားခြင်း၊ အလွမ်းအသောများ၊ ကျွန်တော်ဒါတွေကို အမှတ်ရတယ်။ စာရေးဆရာတို့ စာမူအမည်ပေးကြပုံ၊ မီးနီမိခြင်း၊ ကျွန်တော့်ကို ခေါ်သလား၊ တောအသုဘ၊ မကျွမ်းကျင်မှု အတတ်ပညာ၊ မီးရထား၊ နှစ်ခုအစုံ ဖတ်ရှုစရာ၊ အနုပညာပုံမှားရိုက်ခြင်း၊ ကဗျာတစ်ပုဒ်တည်းက နှာခေါင်း၊ ကဗျာတစ်ပုဒ်တည်းက သဘင်သည်မိသားစု၊ ကဗျာတစ်ပုဒ်နဲ့ လူတစ်ယောက်၊ ၂၀၁၆ ကဗျာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်တည်းက ရဟန်း၊ ၂၀၂၃ ကဗျာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်တည်းက ငါးတစ်ကောင်တို့ ဖြစ်သည်။

ခေတ်ပေါ်အရေးအဖွဲ့ကို ဖတ်ရှုရမည့် စကားပြေများဖြစ်ပြီး မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

## ပတ်စရာ၊ မှတ်စရာ ခံ့လင် မြန်မာလေး

### ကဗျာပန်းချီ

* ဗုဒ္ဓဆုံးမ ဒဿနကို
ညွှန်ပြဖွဲ့သီ ကဗျာပန်းချီ ။
* လောကအလှ သဘာဝကို
စာသဖွဲ့သီ ကဗျာပန်းချီ ။
* ကြုံရ ဆုံရ ဘုံဘဝကို
ပုံပြဖွဲ့သီ ကဗျာပန်းချီ ။
* နိမ့်လျှင်အားပေး မြင့်လျှင်ချီးမြှောက်
မျိုးဂုဏ်တောက်ရည် ကဗျာပန်းချီ ။
* သတ္တသင်္ခါရ ဩကာသဟု
လောကသုံးပါး ရှိတရားကို
စံထားရေးသီ ကဗျာပန်းချီ ။
* အက္ခရာသီ စာမွန်စီ၍
ပန်းချီပမာ အနုစာကို
ပြကာရေးခြစ် ကဗျာဖြစ်သော်
အချစ်သဖွယ် စွဲငြိတွယ်သည်
ရင်ဝယ်သိမ့်သိမ့် မြူးသည်တကား ။ ။

ထိန်ထိန်လင်း

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပခုက္ကူ မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေမှူအောင်၏ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ခရိုင်ရုံးရှေ့တွင်၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အထိမ်းအမှတ် 'ထုတ်ကုန် ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချ စားသုံးသူဘဝ' ဆောင်ပုဒ်ပါ အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း၊ ခရီးသွားပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

(၃၄၀)





## မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီးအခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်

**မကွေး မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ တိုင်းဥပဒေချုပ်ရုံးနှင့် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီးအခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ တိုင်းဥပဒေချုပ်ရုံးရှိ ပါမောက္ခ ဦးလှအောင် ခန်းမ၌ မတ် ၁၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီးဥပဒေအရာရှိ၊ ရုံးအဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်လှလှဆွေက အမျိုးသမီးများ၏ ဥပဒေဆိုင်ရာ အသိပညာတိုးတက်ရရှိစေရန်၊ မိမိအခွင့်အရေးကို သိရှိကာကွယ်နိုင်စေရန်၊ အကြမ်းဖက်မှုနှင့် မတရားပြုမှုများကို လျော့နည်းစေရန်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း တရားမျှတမှု တိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းဖွင့်ပွဲ Video Clip ကို ပြသခဲ့သည်။

အဆိုပါအမျိုးသမီးအခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းသို့ ဌာနဆိုင်ရာ အသီးသီးမှ သင်တန်းသူ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

၀-၀-၀-၀-၀



# မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၅၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး မတ် ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်နှင့် သာမဏေများအား ဘုံဆွမ်းလောင်းလှူလျက်ရှိသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ဆွမ်းဆန်အလှူရှင် နန်းဦးတိုက်၊ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုသုမတို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်နှင့် သာမဏေအပါး ၂၀၀ ကျော်တို့အား မတ် ၁၅ ရက် နံနက်ပိုင်းက (၁၅၈)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်သားသရက်သီးနှပ်၊ ငါးပိထောင်းဘူးနှင့် ဆပ်ပြာမှုန့်ထုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် နံနက် ၅ နာရီခွဲမှစတင်၍ လောင်းလှူခဲ့ကြသည်။

အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍လေးပြင်လေးရပ်မှ သံဃာတော်နှင့် သာမဏေများအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**



# ပုဂံခေတ်လက်ရာ ရှေးဟောင်းသိဒ္ဓိအောင် စေတီတော်မြတ် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**မင်းဘူး မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ ကမ်းနီကျေးရွာ၌ မကွေးမြို့အောင်ပုံတောရကျောင်းကော်တစ်ထောင် ဆရာတော်အား အမှူးပြု၍ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မ,တည်အလှူငွေ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များနှင့် ဒေသခံများမှ စုပေါင်းလှူဒါန်းငွေများဖြင့် မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ထားကိုးကွယ်သော ပုဂံခေတ်လက်ရာ ရှေးဟောင်းသိဒ္ဓိအောင်စေတီတော်မြတ် ရွှေထီးတော်တင်၊ ဌာပနာတော်သွင်း၊ ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံများ တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ်းနီကျေးရွာရှိ ပုဂံခေတ်လက်ရာ ရှေးဟောင်းသိဒ္ဓိအောင်စေတီတော်မြတ်အား ပန်း၊ ဆီမီး၊ ဆွမ်းတော်နှင့် သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းပြီး မကွေးမြို့၊ အောင်ပုံတောရကျောင်းကော်တစ်ထောင် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စေတနာရှင်၊ အလှူရှင်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ဘုရားဌာပနာပစ္စည်းများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီးနောက် အဆိုပါပစ္စည်းများအား ပင့်ဆောင်၍ ရှေးဟောင်းသိဒ္ဓိအောင်စေတီတော်မြတ်အား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ရေးအဖွဲ့မှ ဦးဆောင်၍ စေတနာရှင်၊ အလှူရှင်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ကမ်းနီကျေးရွာမှ ဒေသခံပြည်သူများက မင်္ဂလာရထားပျံဖြင့် စတင်ပင့်ဆောင်ကာ ဘုရားထီးတော်တင်လှူပူဇော်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်အား ပင့်ဆောင်၍ စေတီတော်အထွတ်ထိပ်သို့ တင်လှူပူဇော်ကာ ဌာပနာပစ္စည်းများအား ဌာပနာတိုက်သို့ ပင့်ဆောင်ပြီး ဌာပနာသွင်းခြင်းဆောင်ရွက်ကာ ရွှေထီးတော်တင် အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ပြီးနောက် ပင့်သံဃာတော်များက ရှေးဟောင်းသိဒ္ဓိအောင်စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ် အခမ်းအနားကို မင်္ဂလာမဏ္ဍပ်အတွင်း၌ ကျင်းပရာ မကွေးမြို့ အောင်ပုံတောရကျောင်းကော်တစ်ထောင် ဆရာတော် အမှူးပြုသော ပင့်သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်နှင့် အနုမောဒနာတရားတော်များ နာယူကြည်ညိုကြ၍ ဘုရားကြီးအတွက် အလှူငွေနှင့် ဆရာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းများပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၅၀၀)**

*-*-*-*-*-*

# ရပ်စုံကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုဏ္ဍလဝံသ ယာယီစံကျောင်းသို့ ပင့်ဆောင်သည့် အန္တိမအဂ္ဂိစျာပန ကျင်းပ

**ညောင်ဦး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ အမှတ်(၂)ရပ်ကွက်၊ ရပ်စုံကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုဏ္ဍလဝံသ ယာယီစံကျောင်းသို့ ပင့်ဆောင်သည့် အန္တိမအဂ္ဂိ ဈာပနအခမ်းအနားကို ရပ်စုံ ကျောင်းတိုက်ဝင်းအတွင်း၌ မတ် ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အန္တိမအဂ္ဂိဈာပနအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ညောင်ဦးမြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတ(မဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညီနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် တပည့်ဒါယကာများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့၊ ကိုးဆောင်တိုက် သီရိမာလာကျောင်း ဆရာတော် ဘဒ္ဒန္တဇောတိပါလ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ သံဝေဂတရားနာကြား၍ ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့သည်။ ထို့နောက် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဝံသ၏ ဘဝဖြစ်တော်စဉ် ထေရုပ္ပတ္တိအကျဉ်းအား ညောင်ဦးမြို့၊ မြစ်ကြည့်တိုက်၊ သုမနာရာမကျောင်း ဆရာတော် ဘဒ္ဒန္တကုဿလရိယက ဖတ်ကြားပြီး ဘဒ္ဒန္တကုဏ္ဍလဝံသ၏ ရုပ်



ကလာပ်တော်ကို ယာယီစံကျောင်းပေါ်သို့ ကြွချီတော်မူရန် တောင်းပန်လျှောက်ထားသော ဂါထာကို ညောင်ဦးမြို့၊ မိုးနန်ကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တယုဇန ဆရာတော်က ရွတ်ဖတ်ပြီး ဆရာတော်၏ ရုပ်ကလာပ်တော်အား ယာယီစံကျောင်းပေါ်သို့ ပင့်ဆောင်ခဲ့ကြသည်။

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဝံသသည် သက်တော်(၉၀)၊ ဝါတော်(၇၀)ရှိပြီး ၂၀၂၆ ခုနှစ်၊ မတ် ၄ ရက်၊ ည ၁၀ နာရီ ၃၂ မိနစ်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၁)**

## မန္တလေးတက္ကသိုလ်ဓမ္မာရုံဘက်စုံပြုပြင်ရေး ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေလှူဒါန်း

**မန္တလေး မတ် ၁၆**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင် အပါအဝင် မန္တလေးတက္ကသိုလ်အတွင်းရှိ ရွှေမန်းအဆောင်၊ သစ္စာအဆောင်၊ အောင်မင်္ဂလာအဆောင်၊ ရွှေပြည်အေးအဆောင်၊ စာကြည့်တိုက်နှင့် ဘာသာရပ်ဆိုင်ရာ အဆောက်အအုံများနှင့် တက္ကသိုလ်ဓမ္မာရုံတို့ ပျက်စီးခဲ့သည်။

မန္တလေးတက္ကသိုလ်ဓမ္မာရုံကြီးနှင့်ကပ်လျက်တွင် ရှေးဟောင်းဗန်းမော်သိမ်နှင့် သိမ်ဘုရားများရှိပြီး မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည်။ တက္ကသိုလ်ဓမ္မာရုံကြီးသည် ဝါတွင်းသီလပွဲများ၊ သက်ဆိုင်ရာဘာသာရပ်များ၏ ဆရာကန်တော့ပွဲများ နှစ်စဉ်ကျင်းပသော နေရာဖြစ်သဖြင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် အမှူးပြုသော ဘာသာရပ်အသီးသီးမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဘက်စုံပြုပြင်ရန် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတက္ကသိုလ်ဓမ္မာရုံ ဘက်စုံပြုပြင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေများ လှူဒါန်းလျက်ရှိရာ ယမန်နေ့က နေပြည်တော် နေ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအောင်နိုင်ဦးက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ ဦးဝဏ္ဏဇင်+ဒေါ်မိုးသူဇာအောင်က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဦးဝင်းမောင်သန်းမိသားစုက ငွေကျပ်နှစ်သိန်းခွဲနှင့် မြန်မာစာပါမောက္ခ(ငြိမ်း) ဒေါက်တာ မောင်မောင်လေးမိသားစုက ငွေကျပ်တစ်သိန်းတို့ကို လာရောက်လှူဒါန်းရာ မန္တလေးတက္ကသိုလ်ဓမ္မာရုံ ဘက်စုံပြုပြင်ရေးကော်မတီနာယက ဦးတင်မောင်က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၄၅)

*-*-*-*-*-*

# AI ခေါ် ဉာဏ်ရည်တုနှင့် ကျန်းမာရေးပြဿနာများ

ယခုတလော ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် ဉာဏ်ရည်တု AI နှင့်ပတ်သက်၍ အသံများ ပိုမိုကျယ်လောင်စွာ ကြားလာရသလို အသုံးပြုရန် သင့်၊မသင့် ဝေဖန်မှုများကလည်း ပိုမိုများပြားလာလျက်ရှိပါသည်။ ယနေ့ခေတ်တွင် နေမကောင်းဖြစ်လျှင်ဘဲဖြစ်စေ၊ ကျန်းမာရေးဗဟုသုတရှာချင်လျှင်ပဲဖြစ်စေ Google ခေါက်ခြင်းထက် AI များ (ChatGPT) ကဲ့သို့သော နည်းပညာများ)ကို မေးမြန်းခြင်းများသည် ပိုမိုများလာသည်ဆိုသည်ကိုတော့ မည်သူမျှငြင်း၍ရမည် မဟုတ်ပါချေ။

သို့သော် မကြာသေးမီက Medscape News, Canadapmapmif (ဖေဖော်ဝါရီ ၂၀၂၆) မှာ ဖော်ပြခဲ့သည့် လေ့လာမှုအသစ်တစ်ခုအရ "AI က ပေးတဲ့ ကျန်းမာရေးအကြံပြုချက်တွေကို မျက်စိမှိတ်ယုံကြည်ပြီး လိုက်နာသူတွေဟာ သာမန်လူတွေထက် ဘေးဥပဒ်ဖြစ်နိုင်ခြေ ငါးဆပိုများနေတာကို တွေ့ရှိခဲ့ရပါတယ်"ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်၊ AI နည်းပညာသည် အောက်ပါအချက်များအရ မျက်စိမှိတ်ယုံကြည်ရန်မသင့်ကြောင်း ပညာရှင်များက ထောက်ပြထားကြပါသည်-

**၁။ ဒေတာအချက်အလက်အမှားများ (Hallucinations):-**

AI ဆိုသည်မှာ လူသားများကဲ့သို့ အမှန်တကယ်နားလည်ခြင်းမျိုးမဟုတ်ဘဲ အင်တာနက်ပေါ်က စာသားများကို စုစည်းပြီးပြန်လည်ခန့်မှန်းပြောဆိုခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် တစ်ခါတလေ မရှိသည့်ဆေးများသို့မဟုတ် မှားယွင်းသည့် ကုထုံးများကို အမှန်လိုလိုနှင့် လုပ်ကြံဖန်တီးပြီး ပြောတတ်ပါသည်။

**၂။ လူနာတစ်ဦးချင်းစီ၏အခြေအနေကိုမသိနိုင်ခြင်း -**

ဆရာဝန်တစ်ယောက်သည် လူနာကို ကိုယ်တိုင်ကြည့်ရှုစစ်ဆေးရုံတင်မကဘဲ လူနာ၏ မျိုးရိုးဗီဇ၊ အရင်ကဖြစ်ဖူးသည့်ရောဂါ၊ လက်ရှိ သောက်နေသည့်ဆေးနှင့် နေထိုင်မှုပုံစံအားလုံးကို ခြုံငုံသုံးသပ်ခြင်းဖြစ်ပါသည်။ AI က သင်မေးသည့် မေးခွန်းအပေါ်မှာပဲမူတည်ပြီး ယေဘုယျအဖြေသာ ပေးနိုင်သည့်အတွက် အန္တရာယ်ရှိသည့် အကြံဉာဏ်မျိုး ဖြစ်သွားနိုင်ပါသည်။

**၃။ အသက်ကယ်ဖို့ အချိန်နှောင့်နှေးခြင်း-** အရေးကြီးဆုံး Risk ဖြစ်ပါသည်။ ဥပမာ - အသက် အန္တရာယ်ရှိသည့် ရောဂါလက္ခဏာတစ်ခုကို AI က သာမန်လက္ခဏာဟု မှားယွင်းညွှန်းဆိုမိလျှင် လူနာက ဆေးရုံမသွားတော့ဘဲ အချိန်နှောင့်နှေးသွားပြီး အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်သွားနိုင်ပါသည်။

**၄။ ဆေးညွှန်းအမှားများ-**

အကိုက်အခဲပျောက်ဆေး(သို့မဟုတ်) သွေးတိုးဆေးကဲ့သို့သော ဆေးဝါးများသည် ပမာဏ အနည်းငယ်အပြောင်းအလဲတွင်ပင် ဘေးထွက်ဆိုးကျိုးအကြီးအကျယ်ရှိနိုင်ပါသည်။ AI မှ ညွှန်းသည့်ဆေးပမာဏသည် ခန္ဓာကိုယ်အတွက် များလွန်းခြင်းမျိုး(သို့မဟုတ်)တခြားဆေးများနှင့် ဓာတ်ပြုခြင်းမျိုးကို တိတိကျကျ မသိရှိနိုင်ပါ။ ထိုသို့ပညာရှင်များက စိုးရိမ်ကြီးစွာ ဖော်ပြလာနေချိန်တွင်ပင် ကိုပင်ဟေဂင်မှ ဆေးဘက်ဆိုင်ရာ နည်းပညာကုမ္ပဏီတစ်ခုသည် လူသားများ၏ လုံးဝ ဝင်ရောက်စွက်ဖက်မှုမပါဘဲ ခွဲစိတ်မှုပြုလုပ်နိုင်သည့် AI-Driven Robot တစ်ခုကို မိတ်ဆက်လာပြန်ပါသည်။

အဆိုပါစက်ရုပ်သည် ၁၀၀ ရာခိုင်နှုန်း အောင်မြင်မှုရှိပြီး ပထမဆုံးအကြိမ် စမ်းသပ်မှု(၁၀၀)တွင် ဘေးထွက်ဆိုးကျိုးလုံးဝမရှိဘဲ ကမ္ဘာ့အတော်ဆုံး ခွဲစိတ်ဆရာဝန်များထက်ပင် ပိုမိုတိကျကြောင်း သက်သေပြနိုင်ခဲ့သည်ဟု ကုမ္ပဏီဘက်မှ ဆိုပါသည်။ အဆိုပါ AI စက်ရုပ်သည် လူနာ၏ အသက်ရှူနှုန်းနှင့် နှလုံးခုန်နှုန်းခြင်းများကြောင့် ဖြစ်ပေါ်လာသည့် ခန္ဓာကိုယ်လှုပ်ရှားမှုလေးများကိုပါ တွက်ချက်ပြီး တိကျစွာခွဲစိတ်နိုင်ခဲ့သည်ဟုလည်း ဆိုသည်။

"စက်ရုပ်ဖြစ်၍ ပင်ပန်းနွမ်းနယ်မှုမရှိသလို လက်တုန်တာမျိုးလည်းမရှိကြောင်း၊ ဒဏ်ရာကို ချုပ်တဲ့အခါမှာလည်း လူသားတွေရဲ့ မျက်စိနဲ့ မမီနိုင်လောက်အောင် မြန်ဆန်လွန်းကြောင်း" ကိုလည်း ကုမ္ပဏီတာဝန်ရှိသူများက ပြောဆိုခဲ့ပါသည်။ သို့သော် အဆိုပါ စက်ရုပ်အကြောင်း ကြေညာချက်နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာ အချက်များစွာ ပေါ်ပေါက်လာခဲ့ပြီး အမေရိကန်ဆေးဘက်ဆိုင်ရာသမဂ္ဂများက အဆိုပါစက်ရုပ်ကို ဝိုင်းဝန်းကန့်ကွက်နေခဲ့ကြပြီဖြစ်သည်။ အဆိုပါ ထွက်ပေါ်လာသည့် အငြင်းပွားဖွယ်ရာ စိုးရိမ်ရသည့်အချက်များမှာ -

(၁) အလုပ်အကိုင်များ၌ လစာမြင့်မားသည့် ဆရာဝန်များ၏နေရာကို စက်ရုပ်များက အစားထိုးလာမှာလား၊

(၂) လူသား၏ ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရသည့် အရေးပေါ်အခြေအနေများတွင် စက်ရုပ်များက လူသားများကဲ့သို့ ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်ချနိုင်ပါ့မလား၊

(၃) ခွဲစိတ်ကုသမှုခံယူရမည်ဆိုလျှင် လူသားဆရာဝန်တစ်ယောက်၏ အကူအညီမပါဘဲ AI စက်ရုပ်ကိုသာ ခွဲစိတ်ခွင့် ပေးသင့်သလား၊

(၄) စက်ရုပ်က ပိုမိုတိကျပြီး အမှားနည်းနိုင်သလား၊

(၅) လူသားဆရာဝန်၏ လက်တွေ့ကျကျ ဆုံးဖြတ်မှုကိုပဲ ယုံကြည်ကြမလား စသည့် အငြင်းပွားဖွယ်ရာ မေးခွန်းများစွာကို ပေါ်ပေါက်လာစေလျက်ရှိပြီး WHO ကဲ့သို့သော ကမ္ဘာ့ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းကြီးများသည်ပင် ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

ဤနေရာတွင် AI နည်းပညာ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကျိုးရှိမှုများကိုလည်း အကျဉ်းမျှဖော်ပြပေးလိုပါသည်။ AI နည်းပညာ (Artificial Intelligence) သည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ရောဂါရှာဖွေခြင်း၊ ကုသခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ပိုမိုမြန်ဆန်တိကျစေသည်။ AI နည်းပညာသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စွမ်းအားကောင်းသော ကိရိယာတစ်ခုဖြစ်သော်လည်း ယင်းကို သတိရှိရှိ၊ စနစ်တကျ၊ ကျင့်ဝတ်နှင့်အညီအသုံးချရန် အထူးအရေးကြီးပါသည်။ ၎င်းသည် ဆေးဘက်ဆိုင်ရာပုံရိပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဆေးဝါးအသစ်များရှာဖွေခြင်းနှင့် လူနာများအတွက် ကိုယ်ပိုင်ကျန်းမာရေးအကြံပေးချက်များ ပံ့ပိုးပေးခြင်းတို့တွင် အဓိကပါဝင်လျက်ရှိသည်-

**AI ၏ ကျန်းမာရေးဆိုင်ရာအဓိက အကျိုးကျေးဇူးများ**

(၁)ရောဂါရှာဖွေခြင်းတွင် AI algorithms များသည် X-ray,MRI နှင့် CT Scan များကို လူသားများထက် ပိုမိုမြန်ဆန်စွာ စစ်ဆေးနိုင်ပြီး ကင်ဆာကဲ့သို့သော ရောဂါများကို စောစီးစွာ ရှာဖွေနိုင်သည်။

(၂)ဆေးဝါးထုတ်လုပ်ခြင်းတွင် ဆေးဝါးအသစ်ရှာဖွေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းလုပ်ငန်းစဉ်များကို AI က လအနည်းငယ်အတွင်း စွမ်းဆောင်နိုင်၍ အချိန်နှင့် ကုန်ကျစရိတ်ကို လျှော့ချပေးသည်။

(၃)ကိုယ်ပိုင်ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဝတ်ဆင်နိုင်သောကိရိယာများ (Wearable devices)မှတစ်ဆင့် လူနာ၏နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန်နှင့် အခြားအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ပေးနိုင်ပါသည်။ သို့သော် (AI)ကို ကျင့်ဝတ်နှင့်အညီအသုံးပြုရန်၊ လူနာများ၏ လျှို့ဝှက်ချက်များကို ကာကွယ်ရန်နှင့် AI အချက်အလက်များ၏မှန်ကန်မှုကို သေချာစေရန်မှာ အလွန်အရေးကြီးလှပါသည်။

AI သည် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်စေသော်လည်း လူသားဆရာဝန်များ၏ အခန်းကဏ္ဍကို အစားထိုးနိုင်ခြင်းမရှိဘဲ အထောက်အကူပြုကိရိယာအဖြစ်သာ အကောင်းဆုံးအသုံးချသွားသင့်ပါသည်။ ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်ပူပန်မှုများတွင် AI စနစ်များသည် ပွင့်လင်းမြင်သာမှု၊ ရှင်းပြနိုင်သော၊ တရားမျှတမှုရှိစေရေးတို့ ပါဝင်သည်။ တာဝန်ခံမှုနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များအကြောင်း မေးခွန်းများကို ကိုင်တွယ်ဖြေရှင်းခြင်းများလည်းပါဝင်သည်။ ကျင့်ဝတ်မူဘောင်များသည် လူမှုတန်ဖိုးများနှင့် ကိုက်ညီပြီးသော တူညီမျှသော ကျန်းမာရေးစောင့်ရှောက်မှုရလဒ်များကို မြှင့်တင်ပေးနိုင်မှသာလျှင် AI ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချမှုကို ယုံကြည်စွာ အသုံးပြုသင့်ပါသည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် AI ၏ အကျိုးကျေးဇူးများကိုပိုမို၍ အသေးစိတ်ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်သည်-

**(၁)ပိုမိုကောင်းမွန်သော လူနာရလဒ်များ**

**အစောပိုင်းရောဂါရှာဖွေခြင်း** AI သည် အဆင့်မြင့်ရုပ်ပုံခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ရင်သားကင်ဆာကဲ့သို့သော ရောဂါများကို ရှာဖွေဖော်ထုတ်ရာတွင် တိကျမှုနှင့် မြန်ဆန်မှုကို မြှင့်တင်ပေးပါသည်။

ကိုယ်ပိုင်ဆေးပညာ AI သည် လူနာတစ်ဦးချင်းစီ၏ ပရိုဖိုင်များကိုအခြေခံ၍ အံဝင်ခွင်ကျကုသမှုများကို ကူညီပေးပြီး ပိုမိုထိရောက်သော စောင့်ရှောက်မှုကို ရရှိစေပါသည်။

**(၂)စီးပွားရေးအကျိုးကျေးဇူးများ**

စရိတ်ချွေတာသည် စောစီးစွာ ရောဂါရှာဖွေခြင်းနှင့် စိတ်ကြိုက်ကုသမှုများသည် ကုသပြီးနောက် ရှုပ်ထွေးမှုများကို လျှော့ချကာ ဆေးခန်းစမ်းသပ်မှု ထိရောက်မှုကို မြှင့်တင်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်များကို လျှော့ချပေးသည်။

စွမ်းဆောင်ရည်နှင့်ကုန်ထုတ်စွမ်းအား AI သည် စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို အလိုအလျောက်လုပ်ဆောင်ပေးကာ၊ ခွဲစိတ်မှုစွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေပြီး ပင်ပန်းနွမ်းနယ်မှုကို လျှော့ချပေးသည့် လူနာစောင့်ရှောက်မှုအပေါ် အာရုံစိုက်ရန် ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူများကို လွတ်မြောက်စေသည်။

**(၃)မြှင့်တင်ထားသော လူနာအတွေ့အကြုံ**

**လူနာစွမ်းဆောင်မှု** AI မောင်းနှင်သော ကိရိယာများသည် လူနာများကို ဝတ်ဆင်နိုင်သော ကိရိယာများနှင့် စိတ်ကြိုက်ပြင်ဆင်ထားသော ကျန်းမာရေးအကြံပြုချက်များမှတစ်ဆင့် ၎င်းတို့ ၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်စွာစီမံခန့်ခွဲနိုင်စေရန် ခွန်အားပေးသည်။

**ပိုမိုကောင်းမွန်သော စောင့်ရှောက်မှုညှိနှိုင်းဆောင်ရွက်မှု** AI သည် စောင့်ရှောက်မှုအဖွဲ့များကြားတွင် ပိုမိုကောင်းမွန်သောဆက်သွယ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို လွယ်ကူချောမွေ့စေပြီး လူနာများ၏ စိတ်ကျေနပ်မှုနှင့် ရလဒ်များကို မြှင့်တင်ပေးသည်။

**(၄)သုတေသနနှင့်ဖွံ့ဖြိုးရေး**

**မူးယစ်ဆေးဝါး ရှာဖွေတွေ့ရှိမှု အရှိန်မြှင့်စေပါသည်** AI သည် ဖြစ်နိုင်ချေရှိသော ကုသမှုများကို အတုယူကာ အကဲဖြတ်ခြင်းဖြင့် ဆေးဝါးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်ပေးကာ ဆေးခန်းစမ်းသပ်မှုများတွင် အချိန်နှင့်ကုန်ကျစရိတ်များကို လျှော့ချပေးသည်။

လူဦးရေကျန်းမာရေးစီမံခန့်ခွဲမှု AI သည် ကျန်းမာရေးလမ်းကြောင်းများကို ကြိုတင်ခန့်မှန်းပြီး လူဦးရေကျန်းမာရေးကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲရာတွင် အထောက်အကူဖြစ်စေပါသည်။

**(၅)အုပ်ချုပ်ရေး မြှင့်တင်ရေး**

**လုပ်ဆောင်စရာများကို အလိုအလျောက် လုပ်ဆောင်ခြင်း** AI သည် ချိန်းဆိုမှုအချိန်ဇယားဆွဲခြင်း၊ တောင်းဆိုမှုများ လုပ်ဆောင်ခြင်းနှင့် ဒေတာထည့်သွင်းခြင်းကဲ့သို့သော လုပ်ငန်းများကို အလိုအလျောက် လုပ်ဆောင်စေပြီး စီမံခန့်ခွဲရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးသည်။

**Error လျှော့ချရေး** AI သည် ဒေတာခွဲခြမ်းစိတ်ဖြာမှုနှင့် ဆေးဘက်ဆိုင်ရာပုံရိပ်ပြန်ဆိုမှုများတွင် လူသားများ၏ အမှားအယွင်းများကို လျှော့ချပေးကာ ပိုမိုတိကျသောရောဂါရှာဖွေမှုများကို ဖြစ်ပေါ်စေသည်။ သို့ရာတွင် မည်သည့်ကောင်းကျိုးများရှိသည် ဖြစ်စေအရာရာတွင် တန်ဆေး လွန်ဘေးဆိုသည့် အတိုင်းနည်းပညာများ၏ ဆိုးကျိုးများလည်းရှိလာနိုင်သဖြင့် ဆိုးကျိုးများသည် အထူးသတိထားရမည့် အချက်များပင် ဖြစ်ပါသည။ AI နည်းပညာ၏ အထွေထွေဆိုးကျိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(၁) အလုပ်အကိုင်ပျောက်ကွယ်နိုင်မှု**

Automation များလာခြင်းကြောင့် လက်မှုပညာအလုပ်အကိုင်အချို့ကို AI က အစားထိုးနိုင်ပါသည်။

**(၂)လူ့အတွေးအခေါ်အားနည်းလာနိုင်မှု**

AI ကို အလွန်အမင်းအားထားသုံးလာလျှင် ကိုယ်တိုင် စဉ်းစားဆုံးဖြတ်နိုင်စွမ်း လျော့နည်းလာနိုင်ပါသည်။

**(၃) Privacy & Data Security ပြဿနာများ**

ကိုယ်ရေးကိုယ်တာ အချက်အလက်များသည် မလုံခြုံတော့ဘဲအလွဲသုံးစွဲခြင်း(Misuse) ဖြစ်နိုင်ခြေများ ရှိလာနိုင်ပါသည်။

**(၄)မှားယွင်းသည့် သတင်းအချက်အလက်များ**

AI က ထုတ်ပေးသည့် အချက်အလက်များသည် အားလုံးမှန်သည်ဟု ယုံကြည်မိလျှင် သတင်းမှားပေးခြင်း(Misinformation) ပြဿနာများ ပိုများလာနိုင်ပါသည်။

**(၅)လူ့တန်ဖိုးနှင့် အကျင့်စာရိတ္တပြဿနာများ**

AI ဆုံးဖြတ်ချက်များသည် လူ့ခံစားချက်၊ သမာဓိတရားများကို အပြည့်အဝ နားလည်နိုင်မည်မဟုတ်ပါ။

အချုပ်အားဖြင့်ဆိုရသော် AI သည်စက်ကိရိယာတစ်မျိုးသာဖြစ်ပြီးသုံးတတ်လျှင် အကျိုးရှိ၍ မသုံးတတ်လျှင် အန္တရာယ်ရှိနိုင်ပါသည် နည်းပညာကို အသုံးချခြင်းသည်ကောင်းမွန်သော်လည်း AI ဆိုသည်မှာ "အကိုးအကား" သဘောမျိုးသုံးခြင်းသာ ဖြစ်သင့်ပါသည်။ မိမိကျန်းမာရေးအတွက် အမှန်တကယ်ဆုံးဖြတ်ချက်ချရန် လိုအပ်လာပါက ကျွမ်းကျင်သည့် ဆရာဝန်များနှင့်သာ တိုင်ပင်ဆွေးနွေးရန် အမြဲလိုအပ်မည်သာ ဖြစ်ပါသည်။ ကျန်းမာရေးဆိုသည်မှ စမ်းသပ်စရာကိစ္စလုံးဝ မဟုတ်ပါသဖြင့် ကျွမ်းကျင်သော ဆရာဝန်များနှင့် စနစ်တကျ စမ်းသပ်ကုသသွားရန်သာ အထူးလိုအပ်လှပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား-**

**Sufam Slim Facebook page and Shaip Web page from Google.**

**နော်ယဉ်ကျေး**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၄)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးဘမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်းပေ(၃၀×၄၀) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲထွန်းအောင်(ဘ)ဦးတင်အောင်(၇/ထတပ(နိုင်)၀၅၁၇၁၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ဒေါ်ခင်သန်းနု(၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်အေး)နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၉၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်သန်းနု အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်းဧရိယာပေ(၃၀×၄၀)ရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဒေါ်ခင်သန်းနုထံမှ ကျွန်တော် ဦးဇော်မျိုးထွန်း(၅/ဆလက(နိုင်)၁၁၀၁၃၁)က (၅-၁-၂၀၁၇)ရက်တွင် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ထိုကတိစာချုပ်အရ ဖော်ပြပါ ဂရန်မြေကွက်အစိတ်အပိုင်းအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဒေါ်ခင်သန်းနု(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်အေး)မှ ဤသတင်းစာကြေညာသည့်ရက်မှ (၅)ရက်အတွင်း လာရောက်ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်သန်းနု(၎င်း၏အထူးကိုယ်စားလှယ်စာရသူဒေါ်ခင်အေး)နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ–**
**ဦးဇော်မျိုးထွန်း (၅ /ဆလက(နိုင်)၁၁၀၁၃၁)**
**ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၈၃၁၀**

## သမီးအဖြစ်မှ ထပ်မံအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့၊ အကွက်(၄၃၅)၊ ၈၆လမ်း၊ ၄၄လမ်းနှင့်၄၅လမ်းကြားနေ ဦးဝင်းနိုင်(၉/ကဆန(နိုင်)၀၉၉၉၇၃)+ဒေါ်မာမာမြင့်(၉/မရတ(နိုင်)၁၁၄၄၈၉)တို့၏သမီး မဝင်းရှုပါဖြိုး(၉/မဟမ(နိုင်)၀၄၉၂၁၈)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ ထပ်မံအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်+ဒေါ်မာမာမြင့်**

## ပျောက်ဆုံးကြောင်း

မချိန်ဆိုက်ကြူ(ဘ)ဦးချင်မူရင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၁၁၇၃၅) ကိုင်ဆောင်သူ၏ Passport No အမှတ် ME 891832 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မချိန်ဆိုက်ကြူ ဖုန်း ၀၉-၂၆၆၆၈၄၄၃၇**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၅)၊ ဦးပိုင်အမှတ်(၃၈)ခဲစင်းတောင်ခြမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တသ ကျော်နိုင်ဦး အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးသိန်းထိုက်အောင်က တရားပြိုင် တပ်သား ကျော်နိုင်ဦးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၄၉/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးသိန်းထိုက်အောင်(၅/ဝလန(နိုင်)၁၂၃၀၁၀)က တောဂရန်၊ တရားရုံး အမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ အကွက်အမှတ်(ဘ-၃)၊ ဦးပိုင်အမှတ်(၈၁)၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ပရံတော်ချောင်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်တုတ်(၉/မနမ(နိုင်)၀၃၂၅၉၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၁၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကြည်နိုင်(၅/ဝလန(နိုင်)၀၃၀၀၄၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(ဃ-၃၃)၊ ရန်မန်းလမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရှယ်လီဝင်း(၉/မရတ(နိုင်)၀၅၆၉၃၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၆၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မော်သီ(၉/နထက(နိုင်)၀၀၁၄၅၆) က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၁)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးတင်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်းပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မေသက်ထွန်း(ဘ)ဦးထွန်းရွှေ(၉/မရမ(နိုင်)၀၀၁၂၁၄)၎င်း၏ကိုယ်စား အစ်ကိုဖြစ်သူ ဦးမြတ်သူထွန်း(ဘ)ဦးထွန်းရွှေ(၉/မရမ(နိုင်)၀၂၅၁၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်င်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၆)၊ ဦးပိုင်နံပါတ်(၂၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးထွန်းဆောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)နှင့်ကပ်လျက် မြောက်ဘက်ပိုင်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မာဆွေ(ဘ)ဦးသိန်းအောင်(၉/မနတ(နိုင်)၁၀၂၂၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်င်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၄)၊ ဦးပိုင်နံပါတ်(၁၇-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ ပေ(၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဒေါ်သိန်းမေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဆွေဆွေမြင့်(ဘ)ဦးမြင့်သိန်း(၁၂/ဗဟန(နိုင်)၀၁၈၁၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်င်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ ရတနာပုံတက္ကသိုလ်၏အနောက်ဘက်၊ ကွင်းအမှတ်(၅၉၂)ထဲမှ၊ ဧရိယာ(အရှေ့အနောက်ပေ၄၀×တောင်မြောက်၇၈ပေ)အကျယ်အဝန်းရှိ မြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဆွေ(ဘ)ဦးချစ်တင်(၉/မခန (နိုင်)၁၁၁၄၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးဟိန်းကိုကိုယု (B.Sc Forestry, PGDL, MBF)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၇)၊ ၁၁၅(အေ)လမ်းနှင့်၁၁၆လမ်းကြား၊ ၆၀(စီ)လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၅၂၃၀၊ ၀၉-၉၇၇၂၈၂၄၂၀**

## ပျောက်ဆုံးကြောင်း

ဒေါ်ဌေးဌေးမော်(ဘ)ဦးဖြိုးကြွယ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၆၇၀၈၄)ကိုင်ဆောင်သူ၏ Passport No အမှတ် MB 873182 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်ဌေးဌေးမော်**
**၀၉-၄၀၂၅၇၇၃၀၂**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၁)၊ ဦးပိုင်အမှတ်(၁၀)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၁၆လမ်းနှင့်၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြည့်ဟိန်းကျော်(၁၂/ခရန(နိုင်)၁၁၅၂၅၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

# ကိုထွန်းထွန်းလင်း(ခ)နောင်နောင်(၉/မနမ(နိုင်)၀၈၂၀၂၀)နှင့်တကွ ဆက်စပ်သက်ဆိုင်သူများ သိရှိနိုင်စေရန် အသိပေးကြေညာခြင်း

ဦးမြင့်ဆွေ(ခ)ဦးညီညီ(၉/မရမ(နိုင်)၀၃၈၆၅၁)နှင့် ဇနီး ဒေါ်ခင်ဖြူဝင်း(၉/မရမ(နိုင်)၀၃၈၆၅၂)တို့၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် အသိပေးကြေညာပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၈)၊ ၈၃လမ်း၊ ၂၁လမ်းနှင့် ၂၂လမ်းကြားနေ ဦးမြင့်ဆွေ(ခ)ဦးညီညီ(၉/မရမ(နိုင်)၀၃၈၆၅၁)နှင့် ဇနီး ဒေါ်ခင်ဖြူဝင်း(၉/မရမ(နိုင်)၀၃၈၆၅၂)တို့၏ သားကြီး ကိုထွန်းထွန်းလင်း(ခ)နောင်နောင်(၉/မရမ(နိုင်)၀၈၂၀၂၀)သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်ဆန့်ကျင်ဆောင်ရွက်ခဲ့ခြင်း၊ မိဘများနှင့် ညီ-ညီမများအား ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် မိဘများနှင့် ညီ-ညီမများမှ ကိုထွန်းထွန်းလင်း(ခ)နောင်နောင်အား မိသားစုအဖြစ်မှလည်းကောင်း၊ ဆွေမျိုးသားချင်းအဖြစ်မှလည်းကောင်း ပယ်ဖျက်ထုတ်ပယ်လိုက်ကြောင်း သိစေအပ်ပါသည်။

ထို့ကြောင့် ကိုထွန်းထွန်းလင်း(ခ)နောင်နောင်သည် မိဘများနှင့် ညီ-ညီမများထံမှ မည်သည့်အခွင့်အရေး၊ မည်သည့်အကျိုးခံစားခွင့် တစ်စုံတစ်ရာမျှတောင်းဆိုခွင့်၊ ရပိုင်ခွင့်မရှိပါကြောင်း ကိုထွန်းထွန်းလင်း(ခ)နောင်နောင်၏ ပြုလုပ်ဆောင်ရွက်မှုများအားလုံးသည် မိဘများ၊ ညီ-ညီမများနှင့်ပတ်သက်မှု၊ သက်ဆိုင်မှုလုံးဝ(လုံးဝ)မရှိပါကြောင်း၊ တာဝန်မယူပါကြောင်း ကိုထွန်းထွန်းလင်း(ခ)နောင်နောင်နှင့် တကွ ဆက်စပ်သက်ဆိုင်သူများ သိရှိနိုင်စေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်ဖြင့်-**

**ဒေါ်သန္တာထွန်း(မဟာဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၈၁)**

**အမှတ်(၆/၁)၊ ၅၈လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၈၂၀၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၈၀၊ ၄၁လမ်းထောင့်နေ ဦးသန့်(ဘ)ဦးရွှေမန်း(၈/မကန(နိုင်)၂၉၄၂၁၉)နှင့် ဒေါ်မိုးနှင်းစက်သွင်(ဘ)ဦးမောင်မောင်သွင်(၉/အမဇ(နိုင်)၀၆၀၈၂၀)ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၈-သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်(၁၉၆/၂)၊ ဂရန်မြေအမျိုးအစား၊ ဧရိယာ(၀ ဒသမ ၃၂)ဧက အကျယ်အဝန်းအတွင်းမှ အနောက်ဘက်လှည့်(၃၀×၆၀)ပေ (မြေကွက်အမှတ်(A-4)၏မြောက်ဘက်ခြမ်း(၂၀×၆၀)ပေ+(A-5)၏တောင်ဘက်ခြမ်း(၁၀×၆၀)ပေ)အကျယ်အဝန်းရှိ ဒေါ်မြမြခိုင်အမည်ပေါက်ပြီး ရောင်းချသူမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်ဇာခြည်အောင်(ဘ)ဦးအောင်ချစ်(၉/ပမန(နိုင်)၁၂၃၂၈၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြစာချုပ်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B) (P.G.D.E) (D.B.L) (D.I.L) (D.I.R)**

**တရားလွှတ်တော်ရှေ့နေ**

**၂၆လမ်း၊ ကမ်းနားလမ်းထောင့်၊ "ရွှေမြန်မာ"စားသောက်ဆိုင် အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၁၆၁၆၇၀၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/၁)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၉၇)ဧက အကျယ်အဝန်းရှိ ဦးမင်းလွင်ဦး(ဘ)ဦးညွှန့်မောင်(၉/ခအဇ(နိုင်)၀၀၄၄၃၀)အမည်ပေါက် မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဦးမင်းလွင်ဦးအမည်ပေါက်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအား မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည် အကယ်၍ အထက်ပါအကြောင်းအရာများ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းလွင်ဦး(ဘ)ဦးညွှန့်မောင်**

**(၉/ခအဇ(နိုင်)၀၀၄၄၃၀)**

**မဟာမြိုင်(၁)ရပ်ကွက်။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၈/၁၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အတွင်းမှ အနောက်ဘက်အစွန်ဆုံးအစိတ်အပိုင်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်သည် ဦးသိန်းဟန်(၉/မနတ(နိုင်)၀၁၀၇၁၀)က အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ကြောင်း၊ မိမိလက်ရှိပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ရောင်းချရန်ကတိပြုသူ ဦးသိန်းဟန်ထံမှ အဆိုပါမြေကွက်နှင့် မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်သူစာလင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | |
|---|---|---|---|
| **ဒေါ်ခင်စိုးဝင်း (LL.B)** | **ဒေါ်ခင်မာစိုး (LL.B)** | **ဒေါ်သူစာကျော် (LL.B)** | **ဒေါ်အိအိခိုင် (LL.B)** |

**အထက်တန်းရှေ့နေများ**

**"ခိုင်သစ္စာ" ဥပဒေဝန်ဆောင်မှုလုပ်ငန်း**

**၃၅လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၂၂၀၃၄၅၊ ၀၉-၈၉၂၃၃၄၄၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ မြအင်းကျေးရွာ(ကွင်းအမှတ်-၅၇၄/D)၊ ဦးပိုင်(၅၉/၂)၊ ဧရိယာ(၀ ဒသမ ၈၅)ဧက၊ ဦးပိုင်(၆၈)၊ ဧရိယာ(၁ ဒသမ ၄၈)ဧက၊ ဦးပိုင်(၇၁)၊ ဧရိယာ(၀ ဒသမ ၉၀)ဧက၊ ဦးပိုင်(၆၆/၂)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက၊ ဦးပိုင်(၆၇/၁)၊ ဧရိယာ(၁ ဒသမ ၁၀)ဧက စုစုပေါင်း(၄)ဧကကျော်ရှိ ခြံမြေကွက်သည် ရောင်းချသူမှ သီးစားခွန်မှတ်တမ်းစာအုပ်အမည်ပေါက်လျက် လက်ရှိထားအသုံးပြုပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့်ရှိသည့် ခြံမြေကွက်ဖြစ်ကြောင်း ရောင်းချသူမှ ဝန်ခံပြောဆို၍ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ယခုကြေညာသူ ဦးမျိုးမင်းသန့်(၁/မကန(နိုင်)၁၂၃၃၃၄)(ဘ)ဦးမြင့်အေး(၎င်း၏ကိုယ်စားလှယ် ဦးစည်သူကျော်မှု)နှင့် ဒေါ်ကေသီမြင့်(၁/ဘမန(နိုင်)၀၆၅၆၁၈)(ဘ)ဦးမြင့်ငွေတို့က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့တဝက်ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်သော်လည်းကောင်း၊ တရားရုံးဒီကရီများနှင့်သော်လည်းကောင်း ဤကြေညာစာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးမျိုးမင်းသန့်(ဘ)ဦးမြင့်အေး<br>(၁/မကန(နိုင်)၁၂၃၃၃၄)<br>(၎င်း၏ကိုယ်စားလှယ်-ဦးစည်သူကျော်မှု)<br>ဖုန်း ၀၉-၄၀၀၀၄၄၇၆၄** | **ဒေါ်ကေသီမြင့်(ဘ)ဦးမြင့်ငွေ<br>(၁/ဘမန(နိုင်)၀၆၅၆၁၈)** |

❖ ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝ တိုးတက်မှုကိုသာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးနိုင်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၂/၂၀၂၆) အစည်းအဝေးသို့ တက်ရောက်






**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၂/၂၀၂၆) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးတွင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ရလဒ်ကောင်းများဖြစ်ပေါ်စေရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီ အလေးထားဆောင်ရွက်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများအား ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုကောင်းများရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ကာ ကာလတို၊ ကာလလတ် အစီအမံများချမှတ်၍ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည့်အတွက် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် အားလုံးကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတို့နှင့် ပတ်သက်၍ အတည်ပြုမိန့် တင်ပြလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ထပ်မံတိုးမြှင့်ထုတ်လုပ်ခွင့် တင်ပြလာခြင်းလျှောက်ထားလာမှုများနှင့် ရှင်းလင်းတင်ပြပြီးနောက် ကုမ္ပဏီများမှတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀

# ဒဂုံပေ့ါအသင်းက ရတနာပုံအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် မတ် ၁၆**

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲက ဒဂုံပေ့ါအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံပေ့ါအသင်းက ရတနာပုံအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဒဂုံပေ့ါအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် (၄၅+၂)မိနစ်တွင် နောင်နောင်စိုးက သွင်းယူပေးခဲ့သည်။

ဒဂုံပေ့ါအသင်းနှင့် ရတနာပုံအသင်းတို့ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ဒဂုံပေ့ါအသင်းမှ ကျောန်ပါတ် (၇) လမင်းထွေးက ဆွတ်ခူးခဲ့သည်။



ဒဂုံပေ့ါအသင်းသည် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂)ပွဲ ကစားအပြီးတွင် ရမှတ် ၂၂မှတ်ဖြင့် အဆင့် (၉)နေရာတွင် ရပ်တည်လျက်ရှိသည်။

အခြားပွဲစဉ်အဖြစ် ISPE အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင်လည်း ISPE အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀

# စပယ်လက်တီ ဂျူဗင်တပ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**တူရင် မတ် ၁၆**

ဂျူဗင်တပ်အသင်းသည် အသင်းနည်းပြ စပယ်လက်တီအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဂျူဗင်တပ်အသင်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၀ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၉ပွဲတွင် ၁၆ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

နည်းပြ စပယ်လက်တီအနေဖြင့် ဂျူဗင်တပ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးပါက တစ်နှစ်လုပ်ခလစာငွေ ယူရိုခြောက်သန်းထိရရှိသွားမည်ဖြစ်သည်။

**(NGB)**

